# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၉)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ၈-၁၂-၂၀၂၄၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရန်ကုန်မြို့ရှိ ဝန်ကြီးဌာန၏ ရုံးအဆောက်အအုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းနှင့် လသာလမ်းထောင့်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)အဆောက်အအုံအကြီးစားပြုပြင်နေမှုနှင့် ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူကြီးကြပ်ဆောင်ရွက်နေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) လသာလမ်း အဆောက်အအုံတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆောက်အဦဦးစီးဌာနမှ တာဝန်ရှိသူများက အကြီးစားပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအကြီးစားပြင်ဆင်မှုကို စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ မူလပုံစံမပျက်စေဘဲ စနစ်တကျ ပြုပြင်ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။



ဆက်လက်၍ ဗိုလ်အောင်ကျော်လမ်းရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန အဆောက်အအုံသို့ ရောက်ရှိပြီး ဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ကြရန် မှာကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ ရောက်ရှိပြီး မော်ကွန်းပြခန်း၊ သုတေသီဝန်ဆောင်မှုအခန်း၊ မော်ကွန်း/မှတ်တမ်းအခန်းများ၊ Digitization အခန်း၊ Micro Film ရိုက်ကူးခန်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခန်းနှင့် ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ရုံးခွဲမှ ဝန်ထမ်းများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစီးဌာနများမှ တိုင်းတာဝန်ခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ဌာနများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် ညအပူချိန်များ


နေပြည်တော် ဒီဇင်ဘာ ၇

| | | |
|---|---|---|
| ဟားခါး | ၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာ အရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းခြေ) သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

## အမျိုးသားကန်တော်ကြီးဥယျာဉ် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ် မြောက်ပန်းပွဲတော်သို့ လာရောက်အပန်းဖြေကြမည့်သူများ များပြားနိုင်သဖြင့် လိုအပ်သည်များကို ပြည့်စုံစွာဆောင်ရွက်ပေးထားရန်လိုကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထိမ်းအမှတ်နေရာ(Land Mark)တစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရေးနှင့် ခရီးသွားများအမြဲမပြတ်လည်ပတ်နိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်နေရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်သဖြင့် ပန်းပေါင်းစုံများ ရာသီမရွေးဖူးပွင့်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်း အောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင်းသို့ ခရီးသွားအများအပြားလာရောက်ခြင်းသည် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူဖြစ်စေနိုင်သည်ဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် မှာကြားခဲ့သည်။

ပြင်ဦးလွင်ဒေသသို့ ခရီးသွားဧည့်သည်များ အများအပြား လာရောက်အပန်းဖြေကြခြင်းသည် ဒေသ၏သာယာလှပမှုနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှု၊ အေးချမ်းစိုပြည်မှုတို့ကြောင့်ပင်ဖြစ်ပြီး "အိမ်သာ၍ ဧည့်လာ"ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့် စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြုစိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ပြင်ဦးလွင်မြို့အမျိုးသားကန်တော်ကြီးဥယျာဉ် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်ရာတွင် Green Zone Area များကို မဖြစ်မနေ အကောင်အထည်ဖော်သွားရမည်ဖြစ်ပြီး နှစ်ရှည်အရိပ်ရအပင်များကို အပင်သက်တမ်းအလိုက် စဉ်ဆက်မပြတ်သည့် စိုက်ပျိုးခြင်းနည်းဖြင့် စနစ်တကျဆက်လက်စိုက်ပျိုးထိန်းသိမ်းခြင်းများဖြင့်လည်း ရာသီဥတုကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ မိုးထားကျောင်းတိုက်တွင် ဆရာတော်သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့များက သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့မှ ဆရာတော်သံဃာတော်(၁၁၀)ပါးနှင့် ဒေသခံပြည်သူ (၁၂၉)ဦး စုစုပေါင်း (၂၃၉)ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက် ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၃၈)**

၀-၀-၀-၀-၀

## အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် အောင်မြေသာစံမြို့နယ် စာဖြေဌာန၌ ဖြေဆိုသူ ၈၁ ဦးရှိ

**မန္တလေး ဒီဇင်ဘာ ၇**

အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့်ဝိသုဒ္ဓိမဂ် စာမေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်စာဖြေဌာနဖြစ်သည့် အနိုပ်တော်ရပ်ကွက်၊မဟာဝိဇယာရာမခင်မကန်တိုက်၊ ဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်နေ့အထိကျင်းပရာ လူပုဂ္ဂိုလ် ၈၁ ဦးဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါစာမေးပွဲကျင်းပရေးအတွက် စာမေးပွဲကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ(အောင်မြေသာစံမြို့နယ် သံဃနာယကဥက္ကဋ္ဌ)၊ အတွင်းရေးမှူး ဦးဇော်ဇော်မျိုး(မြို့နယ်သာသနာရေးမှူး၊ မြို့နယ် သာသနာရေးမှူးရုံး)တို့နှင့်အတူ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ၁၄ ဦး ပါဝင်ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။

"လူပုဂ္ဂိုလ်ဆိုင်ရာ စာမေးပွဲဖြစ်ပြီး သုံးရက်ဖြေဆိုရမှာပါ။ ဘာသာရပ်သုံးခုစလုံးအတွက် ပထမရက်မှာ ပထမအဆင့်၊ ဒုတိယရက်ဆိုရင် ဒုတိယအဆင့်နဲ့ နောက်ဆုံးရက်မှာတတိယအဆင့်ဆိုပြီး ရက်အလိုက် ဖြေဆိုရမှာဖြစ်ပါတယ်"ဟု စာမေးပွဲကြီးကြပ်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

စာမေးပွဲတွင် ဖြေဆိုသည့် ဘာသာရပ်များမှာ တစ်ရက်လျှင် အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)နှင့် ဝိသုဒ္ဓိမဂ် ဘာသာရပ်သုံးခုအတွက် ရက်အလိုက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဟူ၍ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုချိန်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**





## စာချစာသင် သီလရှင်အပါး(၁၀၀)အား နေ့ဆွမ်းဆက်ကပ်ပွဲနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

ရတနာပုံတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကကြီးမှူး၍ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ အမှူးပြုသော ဒုတိယပါမောက္ခချုပ်များနှင့် သင်ကြား၊ စီမံပညာရေးမိသားစုများစုပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ရတနာပုံစံကျောင်း သီလရှင်စာသင်တိုက်တွင် သီတင်းသုံးတော်မူကြသည့် သာသနာ့အနွယ်ဝင် စာချစာသင်သီလရှင် အပါး(၁၀၀)အား ဒုတိယအကြိမ် နေ့ဆွမ်းဆက်ကပ်ပွဲနှင့် သီလရှင်ဝတ်စုံလှူဒါန်းပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပထမပိုင်းအခမ်းအနားတွင် အောင်မြေသာစံမြို့နယ်၊ သီလရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ရတနာပုံစံကျောင်းသီလရှင်စာသင်တိုက် ပဓာနနာယက၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ ဝိနိယဝိဒူ၊ အဘိဓမ္မာဝိဒူသာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဒေါ်သုစိန္တီ အမှူးရှိသော သီလရှင်အပါး (၁၀၀) တို့အား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ စီမံအရာရာရှိများ၊ စီမံဝန်ထမ်းများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး သီလရှင်ဝတ်စုံနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော်ဘဒ္ဒန္တသုဇနာဘိဝံသထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် မဟာဂန္ဓာရုံကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသက အနုမောဒနာတရားချီးမြှင့်ပြီး အလှူရှင်ဧည့်ပရိတ်သတ်များက ရေစက်သွန်းချအမျှပေးဝေ၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၈၂)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရာဂီမုန်တိုင်းသက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ခြင်း

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်

မျက်မှောက်ကာလတွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များအား ကမ္ဘာ့နိုင်ငံအားလုံးက ရင်ဆိုင်တွေ့ကြုံနေရပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၂၃ ခုနှစ်၊ မေလတွင် မိုခါမုန်တိုင်းဘေး၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရာဂီမုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များကြောင့် ရေကြီးရေလျှံဘေးကို ကြုံတွေ့ခဲ့ရပါသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်နှင့် ဆက်စပ်ရေကြီးမှုများကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်(၈)ခုတွင် ပျက်စီးဆုံးရှုံးမှုများအား မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာ ဆည်မြောင်းတာတမံ၊ လမ်းတံတား၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ရုံးအဆောက်အဦ ပျက်စီးမှုများအပါအဝင် အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၄၄ ဘီလီယံကျော်၊ လူနေအိမ်ပျက်စီးမှု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံပျက်စီးမှု၊ လယ်ယာမြေစိုက်ပျိုးထားရှိမှုနှင့် လယ်ယာသုံးပစ္စည်းများပျက်စီးမှု၊ တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း၊ ငါးလုပ်ငန်းများအပါအဝင် လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ်၂၂၁ ဘီလီယံကျော်၊ စုစုပေါင်းငွေကျပ် ၄၆၆ ဘီလီယံကျော် ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအနေဖြင့် နေပြည်တော်ကောင်စီနှင့် မန္တလေးတိုင်းဒေသကြီးတို့က အများဆုံးဖြစ်ပြီး ရှမ်းပြည်နယ်က ဒုတိယဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပွားခဲ့သော မိုခါမုန်တိုင်း၏ ပြင်းထန်သည့်အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့ရာ အစိုးရကဏ္ဍပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၁၀၀ ဘီလီယံကျော်၊ လူမှုရေးကဏ္ဍဆုံးရှုံးမှု ငွေကျပ် ၄၃၃ ဘီလီယံကျော်၊ စုစုပေါင်း ငွေကျပ် ၅၃၄ ဘီလီယံကျော် ဆုံးရှုံးခဲ့ရပါသည်။ မိုခါမုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းသို့ ဦးတည်ဝင်ရောက်ခြင်းဖြစ်၍ ပျက်စီးဆုံးရှုံးမှုများ၏ ၉၈ ရာခိုင်နှုန်းခန့်မှာ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

| မုန်တိုင်း | တိုင်းဒေသကြီး/ ပြည်နယ် | အစိုးရကဏ္ဍ | လူမှုရေးကဏ္ဍ | စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|
| ရာဂီ | ၈ | ၂၄၄,၄၄၁.၀၄၁ | ၂၂၁,၇၉၀.၇၃၃ | ၄၆၆,၂၃၁.၇၇၄ |
| မိုခါ | ၁၃ | ၁၀၀,၇၆၀.၆၅၈ | ၄၃၃,၃၈၅.၃၇၉ | ၅၃၄,၁၄၆.၀၃၇ |

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ ရေဘေးစတင်ဖြစ်ပွားသည်မှ ၂၀-၁၁-၂၀၂၄ ရက်အထိ ရေဘေးသင့်ပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေမည့် အရေးပေါ်စားနပ်ရိက္ခာများ ထောက်ပံ့မှုအတွက် ငွေကျပ် ၅.၂၂၃ ဘီလီယံကျော်၊ သေဆုံးသွားသူများ၏ မိသားစုများအား ထောက်ပံ့မှုအတွက် ငွေကျပ် ၄၄၆.၈၀၀ သန်းကျော်၊ နေအိမ်များပြန်လည်တည်ဆောက်ရန် ငွေကျပ် ၂၀.၅၀၆ ဘီလီယံကျော်၊ နေ့စဉ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မျိုးစေ့၊ သွင်းအားစု၊ အိမ်မွေးနှင့် လယ်ယာသုံးတိရစ္ဆာန်များထောက်ပံ့မှု ငွေကျပ် ၄.၇၃၂ ဘီလီယံကျော် အပါအဝင် စုစုပေါင်းငွေကျပ် ၃၀.၇၇၉ ဘီလီယံကျော်ကို ထောက်ပံ့ထားပြီးဖြစ်ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကဏ္ဍအလိုက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်း ၁၅၀၀ ကျော်ကို (၁)လအတွင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း ဆေးရုံ၊ ဆေးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ လမ်းပျက်စီးမှု၏ ၇၃.၂၃%၊ တံတားပျက်စီးမှု၏ ၄၁.၉၂%၊ မြန်မာ့မီးရထားလမ်းပိုင်းအလိုက်ပျက်စီးမှု၏ ၆၇.၃၅ ရာခိုင်နှုန်း ပြုပြင်ပြီးဖြစ်ပါသည်။ မိုးစပါးပျက်စီးဧကများအနက် ပြန်လည်စိုက်ပျိုးရန်လျာထားမှု၏ ၇၃.၇၅ ရာခိုင်နှုန်း ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြီးစီးမှုအနေဖြင့် ဆက်သွယ်မှု၏ ၉၉.၉၉ ရာခိုင်နှုန်းလွှမ်းခြုံနိုင်ခဲ့ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်သတ်မှတ်ကာလဖြစ်သည့် ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်စေရေး အရှိန်အဟုန်ဖြင့် ကဏ္ဍ၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

နောက်ဆက်တွဲ(က)

ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်
ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှုဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး(ကျပ်သန်း) |
|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ(လမ်း/တံတား) | | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အဦ(ဆည်မြောင်း/တာ/တမံ) | | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း(ကား/ဆိုင်ကယ်/ငါးဖမ်းကိရိယာ) | | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | | |
| | | ကန် | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | ၅၈ | ၂၄၅.၃၇၀ |
| စုစုပေါင်း | | | | ၄၆၆,၂၃၁.၇၇၄ |

**မှတ်ချက်။** ကနဦးလုပ်ငန်းကော်မတီမှ(၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

နောက်ဆက်တွဲ(ခ)

မိုခါနှင့် ရာဂီမုန်တိုင်းကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင်
ကဏ္ဍအလိုက် ထိခိုက်ပျက်စီးမှု နှိုင်းယှဉ်ပြဇယား

| စဉ် | အကြောင်းအရာ | | ထိခိုက်ပျက်စီးမှု မိုခါ အရေအတွက် | ထိခိုက်ပျက်စီးမှု မိုခါ တန်ဖိုး (ကျပ်သန်း) | ထိခိုက်ပျက်စီးမှု ရာဂီ အရေအတွက် | ထိခိုက်ပျက်စီးမှု ရာဂီ တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁ | ဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် | | ၁၃ | | ၈ | |
| ၂ | ဘေးသင့်လူနေအိမ်အဆောက်အဦ | | ၂၇၃၆၅၇ | ၃၆၄,၀၁၇.၄၆၅ | ၁၀၁၉၁ | ၃၀,၈၅၇.၇၄၀ |
| ၃ | ဘေးသင့်အိမ်ထောင်စု | | ၆၃၀၃၅၂ | | ၂၅၉၇၅၀ | |
| ၄ | ဘေးသင့်လူဦးရေ | | ၂၈၈၇၇၆၈ | | ၉၁၅၅၈၆ | |
| ၅ | လူသေဆုံး | | ၁၅၆ | | ၄၄၅ | |
| ၆ | ရုံးအဆောက်အဦ | | ၆၆၂ | ၂၀,၇၃၉.၁၉၃ | ၅၂၇၂ | ၁၁,၁၅၀.၇၇၀ |
| ၇ | သယ်ယူပို့ဆောင်ရေးကဏ္ဍ (လမ်း/တံတား) | | ၂၁၃ | ၄,၄၅၆.၀၈၇ | ၂၀၂၆ | ၉၈,၈၁၃.၆၃၉ |
| ၈ | အခြေခံအဆောက်အဦ (ဆည်မြောင်း/တာ/တမံ) | | ၃၆၅ | ၇,၈၇၅.၅၉၀ | ၆၆၉ | ၇၆,၄၅၄.၂၄၆ |
| ၉ | ပညာရေးကဏ္ဍ | | ၁၈၉၄ | ၃၂,၅၃၀.၈၀၀ | ၈၇၅ | ၂၁,၄၇၅.၁၄၃ |
| ၁၀ | ကျန်းမာရေးကဏ္ဍ | | ၅၇၄ | ၆,၄၀၇.၆၂၈ | ၂၄၁ | ၁,၄၄၄.၃၀၉ |
| ၁၁ | လျှပ်စစ်ကဏ္ဍ | | ၇၈၂၁ | ၃,၆၂၆.၀၀၇ | ၂၂၄၆၈ | ၂၂,၃၂၄.၆၁၈ |
| ၁၂ | ဘာသာရေးအဆောက်အဦ | | ၃၆၃၁ | ၂၅,၁၂၅.၃၅၄ | ၃၄၉ | ၈,၂၃၉.၄၁၉ |
| ၁၃ | စက်ပစ္စည်း (ကား/ဆိုင်ကယ်/ ငါးဖမ်းကိရိယာ) | | ၄၅၂၆ | ၁၈,၇၅၆.၉၃၂ | ၁၈၂၅၆.၇၆၀ | ၄၄,၈၁၄.၁၀၂ |
| ၁၄ | လယ်ယာ/သားငါးကဏ္ဍ | ဧက | ၁၂၄၇၁၂.၉၉ | ၁၃,၁၈၆.၁၄၅ | ၂၆၇၅၀၄.၁၃၀ | ၁၃၈,၉၁၁.၉၂၄ |
| | | တင်း | ၅၅၇၂၈.၀၀ | | | |
| | | ကန် | ၃၄.၀၀ | | | |
| ၁၅ | တိရစ္ဆာန်သေဆုံး | | ၁၇၈၀၃၂ | ၁၅,၈၆၆.၄၆၁ | ၂၁၇၈၅၉ | ၁၁,၀၇၁.၄၆၂ |
| ၁၆ | အခြား | | ၁၇၆၀ | ၂၁,၅၅၈.၃၇၆ | ၄၅၈၃ | ၄၂၉.၀၃၂ |
| ၁၇ | နေပြည်တော်ကောင်စီ | | | | ၅၈ | ၂၄၅.၃၇၀ |
| စုစုပေါင်း | | | | ၅၃၄,၁၄၆.၀၃၇ | | ၄၆၆,၂၃၁.၇၇၄ |

**မှတ်ချက်။** ကနဦးလုပ်ငန်းကော်မတီမှ(၂၉-၁၁-၂၀၂၄)ရက်နေ့တွင် ပေးပို့သည့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ဒီဇင်ဘာ ၁၁ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(သီရိလင်္ကာနိုင်ငံကမ်းလွန် - အိန္ဒိယနိုင်ငံတမီးလ်နာဒူးကမ်းခြေ)သို့ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေအတွင်းရှိ လောကသရဖူစေတီတော်နှင့် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏ ဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညို









**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်နယ်မြေရှိ လောကသရဖူစေတီတော်နှင့် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏ ဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးခရိုင်၊ အင်းဝရှေးဟောင်းယဉ်ကျေးမှု ဇုန်နယ်မြေရှိ လောကသရဖူစေတီတော်သို့ ရောက်ရှိပြီး အရှေ့ဘက်ဂန္ဓကုဋိတိုက်အတွင်း တန်ချိန် ၄၉၀ ဒသမ ၃၆ရှိ တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေကြီးအောက်တစ်ဝက် မြေကြီးပေါ်တစ်ဝက် စိုက်ထူပြီး ဉာဏ်တော်အမြင့် ၁၈ တောင်နှင့် တစ်မိုက် ထုဆစ်ပူဇော်ထားသည့် ရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့ထံ အလှူငွေ လှူဒါန်း၍ ဂန္ဓကုဋိတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး စေတီတော်ကြီးအားဖူးမြော်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အင်းဝမြို့ ညောင်ရမ်းမင်းဆက်ဖြစ်သော ဆင်ဖြူရှင်တနင်္ဂနွေမင်းကြီးသည် ၁၀၅၂ခုနှစ်တွင်စတင်တည်ထားရာ မပြီးစီးမီ နတ်ရွာစံ၍ သားတော် မဟာဓမ္မရာဇာ ဓိပတိက ၁၀၉၅ ခုနှစ်တွင် အပြီးတည်တော်မူခဲ့ကြောင်း၊ ၁၀၉၈ ခုနှစ်တွင် အနောက်မြောက် လေနီကြမ်းတိုက်၍ စေတီတော်ကြီးပြိုပျက်စီးခဲ့ရာ ၁၁၄၀ပြည့်နှစ်တွင် ကုန်းဘောင်မင်းဆက်ဖြစ်သော စဉ့်ကူးမင်းက ပြီးစီးအောင် ပြန်လည် ပြုပြင်ခဲ့ကြောင်း၊ တစ်ဖန် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်၍ ဒုတိယအကြိမ် စေတီတော်ကြီးပြိုကျပျက်စီးခဲ့ရာ ၁၃၄၂ ခုနှစ်တွင် အောင်မြင်ပြီးစီးသည်အထိ ဒီပါအေးမြဆရာတော်ဘုရားကြီး ဦးနန္ဒာသီရိက ဦးဆောင်၍ ပြုပြင်ခဲ့ကြောင်း၊ ဉာဏ်တော်အမြင့်မှာ ၁၆၂ ပေ၊ ထီးတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၄၂ ပေ ရှိပြီး ဘုံ ၁၁ ဆင့် အချင်း ထိပ်ဝ ၁၅ပေကျယ်ရှိ စေတီတော်ကြီး ဖြစ်ကြောင်း သိရသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါနယ်မြေဇုန် အတွင်းရှိ မဟာဧယျပထတံတား(ခ) ဦးအိုအုတ်လမ်းသို့ ရောက်ရှိပြီးကြွင်းကျန်နေသော ပေ ၂၆၀၀ ကျော်၏ လက်ရှိပျက်စီးနေမှုအခြေအနေအား ပြန်လည်ပြုပြင်ရန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏ ဝရဒါဣာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ဂန္ဓကုဋိတိုက်တော်အတွင်း ကိုးကွယ်ပူဇော်ထားသည့် စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့ထံ အလှူငွေများလှူဒါန်းပြီး ဂန္ဓကုဋိတိုက်တော်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က စွယ်တော်မြတ်စေတီတော် ပရိဝုဏ် အစဉ်အမြဲ သန့်ရှင်းသပ်ရပ်စိမ်းလန်းစိုပြည်ရေး အလေးထားဆောင်ရွက်ရန် တို့ကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ



သတင်း-စာမျက်နှာ ၄






## "ဘ၀အသိ"စာကြည့်တိုက်ဆောက်လုပ်ရန် ပန္နက်တင်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဒီဇင်ဘာ ၇**

"ဘ၀အသိ"စာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၈နာရီက ပုသိမ်ကြီးမြို့နယ် မိုင်ကုန်းကျေးရွာ ရွာလယ်မှော်ရုံ အနီး၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူး ဦးဇင်မင်း ထွန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်း သန့်၊ မြို့နယ်ရေအရင်းအမြစ် ဦးစီး ဌာန ဦးစီးမှူး ဦးအောင်ဇော်မင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)၊ ကင်း တောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူး ဦးရန်ရှင်း၊ ကျေးရွာစာကြည့် တိုက် ကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မင်္ဂလာအချိန် တွင် တာဝန်ရှိသူများက သတ် မှတ်ထားသောနေရာများအလိုက် မင်္ဂလာပန္နက်များ စိုက်ထူကြ သည်။

"ဘ၀အသိ"စာကြည့်တိုက် အဆောက်အအုံကို အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၂ပေ နံကပ်တစ်ထပ် ဆောက်လုပ်မည် ဖြစ်ပြီး မန္တလေးမြို့မှ စာရေး ဆရာမ အေးအေးခိုင်(ပညာရေး) က ငွေကျပ်သိန်း ၁၅၀ မ,တည် လှူဒါန်းထားရာ စာပေဒါနကုသိုလ် ရှင်များအနေဖြင့် အလှူငွေ၊ စာအုပ် စာတန်းများနှင့် ပရိဘောဂများ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၄၁)





## မုန်တိုင်းအန္တရာယ်ကြောင့် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ ကစားမည့်ပွဲစဉ်အား ရွှေ့ဆိုင်း

**လန်ဒန် ဒီဇင်ဘာ ၇**

အင်္ဂလန်နိုင်ငံ၊ အနောက် ပိုင်းတွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒါရာအန္တရာယ်ကြောင့် မာဆေးဆိုက်ဒါဘီပွဲစဉ်ဖြစ်သည့် အဲဗာတန်အသင်းနှင့် လီဗာပူး အသင်းတို့ ကစားမည့် ပွဲစဉ် အား ရွှေ့ဆိုင်းခဲ့ရသည်။

မုန်တိုင်းဒါရာအန္တရာယ် ကြောင့် ရာသီဥတုဆိုးရွားပြီး နောက် အဲဗာတန်အသင်းနှင့် လီဗာပူးအသင်းတို့ နှစ်ဖက် အသင်းတာဝန်ရှိသူများက မာဆေးဆိုက်ရဲတပ်ဖွဲ့နှင့် လီဗာပူး စီးတီးကောင်စီမှ ကိုယ်စားလှယ် များ တွေ့ဆုံဆွေးနွေးမှုပြုလုပ် ပြီးနောက် ယနေ့ မြန်မာ စံတော် ည ၇နာရီအချိန်တွင် ကစားမည့်ပွဲ စဉ်အား ချက်ချင်းရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်သည်။

ယခုရွှေ့ဆိုင်းခဲ့သည့် အဲဗာ တန်အသင်းနှင့် လီဗာပူးအသင်း တို့ ပြန်ကစားမည့်ရက်ကို နောက်ပိုင်းတွင် ပြန်လည်ကြေ ညာသွားမည်ဖြစ်ကြောင်းလည်း လီဗာပူးအသင်းက ထုတ်ပြန် ကြေညာထားသည်။

လီဗာပူးအသင်းသည် ပရီး မီးယားလိဂ်ပွဲစဉ် ၁၄ပွဲကစား အပြီးတွင် ရမှတ် ၃၅မှတ်ဖြင့် အဆင့် ၁နေရာတွင် ရပ်တည် နိုင်ခဲ့ပြီး၊ အဲဗာတန်အသင်းသည် လည်း ပရီးမီးယားလိဂ်ပွဲစဉ် ၁၄ပွဲကစားအပြီးတွင် ရမှတ် ၁၄မှတ်ဖြင့် အဆင့် ၁၅နေရာ တွင်ရပ်တည်ခဲ့သည်။

(NGB)

## ရေစီးရေလာကောင်းမွန်ရေး Precast ကွန်ကရစ်မြောင်းများအဆင့်မြှင့်တင်ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီက အောင် မြေသာစံမြို့နယ်အတွင်း ရေစီး ရေလာကောင်းမွန်စေရေးအတွက် precast ကွန်ကရစ်မြောင်းများ အဆင့်မြှင့်တင် တည်ဆောက် လျက်ရှိသည်။

အောင်မြေသာစံမြို့နယ်၊ ၁၂လမ်း၊ ၈၆လမ်းမှ၈၈လမ်း အထိ အုတ်ရေမြောင်းများအား ၂ပေ×၄ပေ Precast မြောင်းများ ဖြင့် ဒီဇင်ဘာပထမပတ်မှစတင် ကာ အစားထိုးတည်ဆောက်ရန် မြောင်းအကျယ်ချဲ့၍ ကွန်ကရစ် မြောင်းများချထား၍ ဆောင် ရွက်လျက်ရှိသည်။

အလားတူ အောင်မြေသာစံ မြို့နယ်၊ ၈၆လမ်း၊ ရွှေတချောင်း လမ်း၊ ၁၀လမ်းမှ၁၂လမ်းအတွင်း ပြည်ကြီးရန်လုံရပ်ကွက်တွင်လည်း ကွန်ကရစ်မြောင်းများ ပြုလုပ် ခဲ့ရာ ဒီဇင်ဘာပထမပတ်အတွင်း ပြီးစီးခဲ့သည်။ အောင်မြေသာစံမြို့ နယ်၊ ၁၂လမ်း၊ ၆၆လမ်းမှလမ်း ၈၀ အတွင်း လမ်းမြောက်ခြမ်း တွင်လည်း ကွန်ကရစ်မြောင်း များ ပြုလုပ်ခြင်း၊ လမ်းဘေး ပလက်ဖောင်းများ ပြုပြင်ခြင်း များ ပြီးစီးခဲ့သည်။

Precast ကွန်ကရစ်မြောင်း များ ပြုလုပ်ခြင်း၊ မြောင်းဖုံးများ တပ်ဆင်ခြင်းများ ဆောင်ရွက် ပေးခဲ့သဖြင့် ဘုရားများ၊ ရုံးများ၊ ကျောင်းများဝန်းကျင် မိုးရာသီ ရေစီးရေလာကောင်းမွန်ပြီး ရပ်ကွက်အတွင်း ခြင်အန္တရာယ် လျော့ပါးသက်သာကာ သန့်ရှင်း သာယာသောရပ်ကွက်ဖြစ်လာ ကြောင်း သိရသည်။

(ဝ၄၅)

## ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၇၉) သန်း ရရှိထား

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာ နှစ်၏ ခုနှစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၇၉)သန်း ရရှိထားကြောင်း ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပြည်ပသို့ ပုံမှန်ကုန်သွယ် ရေးလမ်းကြောင်းနှင့် နယ်စပ် ကုန်သွယ်ရေးမှတစ်ဆင့် ပျားရည် တင်ပို့နေပြီး ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းမှ (၇၃၈ ဒသမ ၂၃) တန်နှင့် နယ်စပ်ကုန်သွယ် ရေးမှ (၄၇ ဒသမ ၈)တန် တင်ပို့ခဲ့သည်။

ပျားရည်ကို ဂျပန်၊ တောင် ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန် တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျား ရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည် တွင်း၌ ဆေးဝါးအဖြစ် အသုံးပြု မှု များသကဲ့သို့ ပြည်ပနိုင်ငံများ သို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၁ | စိန့်ပေါလီ |
| ဘိုရုဿယ်မြူးနစ် | ၄ | - | ၂ | ဟိုင်ဒင်ဟိမ်း |
| ဖရန့်ဖတ် | ၂ | - | ၂ | အော့စ်ဘတ် |
| ဘိုချမ် | ၀ | - | ၁ | ဝါဒါဘရီမင် |
| ဟော်စတိုင်း | ၀ | - | ၂ | လိုက်ပဇစ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၂ | မန်စီးတီး |
| ဖီလာ | ၁ | - | ၀ | ဆောက်သမ်တန် |
| ဘရန့်ဖို့ဒ် | ၄ | - | ၂ | နယူးကာဆယ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| လာ့ပါးမက်စ် | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| ဘက်တစ် | ၂ | - | ၂ | ဘာစီလိုနာ |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၀ | - | ၀ | တိုရီနို |
| ဂျူဗင်တပ် | ၂ | - | ၂ | ဘိုလော့ညာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| မိုနာကို | ၂ | - | ၀ | တူးလော့ |

# နှစ်သက်တမ်း ၈၀ ကျော်က ကောင်းမှုရှင်တူ-ပုံစံတူသော အမရပူရမှ ရေအိုးစင်များ

ခိုင်ဆက်ဝေ

**'ရေအိုးစင်(သို့မဟုတ်)ရေချမ်းစင်' ဆိုသည်မှာ လူအများသွားလာသည့် လမ်းများတွင် ကုသိုလ်ရှင်က ကောင်းမှုပြုထားသော ရေအလှူဒါနဖြစ်သည်။ 'ရေအကျိုးဆယ်ပါး-မတောင်းဘဲရ' ဆိုသည်နှင့်အညီ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ချမ်းသာကြီးခြင်း စသဖြင့် ရေအကျိုးဆယ်ပါးကို ဆုမတောင်းဘဲရခြင်းကြောင့် ရေအိုးစင် (သို့မဟုတ်) ရေချမ်းစင်များ လှူဒါန်းဒါနပြုကြသည်။**

ရှေးအခါက တောရွာကျေးလက်များတွင် အရိပ်အာဝါသကောင်းပြီး ပင်စည်ကြီးသော သစ်ပင်များ၌ သောက်ရေအိုးထားရှိနိုင်ရန် အသားနှင့် စင်ထိုးပြီး လူအများသောက်သုံးရန် လှူဒါန်းသည်ဖြစ်ရာ ရေအိုးစင်ဟုလည်းကောင်း၊ မောပန်းနွမ်းနယ်ချိန် သစ်ပင်ရိပ်အောက်ရှိ ရေအိုးထဲမှ ရေကို သောက်သုံးလိုက်သဖြင့် အေးချမ်းမှုကို ပေးစွမ်းခြင်းကြောင့် ရေချမ်းစင်ဟုလည်းကောင်း သုံးနှုန်းကြသည်ဟု ဆိုရပါမည်။

မည်သို့ဆိုစေ။ ထိုရေအိုးစင်(သို့မဟုတ်) ရေချမ်းစင်များသည် သွားရင်းလာရင်း ရေဆာချိန်၊ မောပန်းနွမ်းလျချိန်တွင် ရေအိုးစင်(သို့မဟုတ်) ရေချမ်းစင်မှ ရေတစ်ခွက်ကို သောက်သုံးလိုက်ရချိန်၌ အေးချမ်းမှု၊ အမောပြေမှုကို ပေးစွမ်းစေသည်။ ရှေးလူကြီးများသည် ထိုသို့ သောက်သုံးပြီးချိန်တွင် ရေအလှူရှင်အား ကျန်းမာပါစေ၊ ချမ်းသာပါစေ စသဖြင့် ဆုများပေးသွားတတ်ကြသည်။ ဆုပေးသွားသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေလှူရသည့် ကောင်းမှုဒါနသည် အလှူရှင်အတွက် အသေအချာ ရရှိစေမည် ဖြစ်သည်။ သို့အတွက်လည်း ပူပြင်းသော အညာကျေးလက်နှင့် မြို့ပြဒေသများတွင် ရေအိုးစင်များစွာ တွေ့ရမြင်ရလေသည်။

ရေချမ်းစင်မှ ရေတစ်ခွက်ကို သောက်သုံးလိုက်ရချိန်၌ အေးချမ်းမှု၊ အမောပြေမှုကို ပေးစွမ်းစေသည်။ ရှေးလူကြီးများသည် ထိုသို့ သောက်သုံးပြီးချိန်တွင် ရေအလှူရှင်အား ကျန်းမာပါစေ၊ ချမ်းသာပါစေ စသဖြင့် ဆုများ ပေးသွားတတ်ကြသည်။ ဆုပေးသွားသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေလှူရသည့် ကောင်းမှုဒါနသည် အလှူရှင်အတွက် အသေအချာရရှိစေမည် ဖြစ်သည်။

အချို့သောဒေသများ၌ နှစ်ပရိစ္ဆေဒများစွာကြာမြင့်သော ရေအိုးစင်များလည်း ရှိပါလိမ့်ဦးမည်။

အမရပူရသို့ အိမ်ဦးနှင့်ကြမ်းပြင်ပမာသွားရောက်၍ မိတ်ဆွေစာရေးဆရာများနှင့် တွေ့ဆုံလေ့ရှိရာမှ အရွယ်တူ၊ ပုံစံတူ၊ ကောင်းမှုရှင်တူသော လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်က ရေအိုးစင် ငါးခုကို ခြေရာကောက်ခဲ့သည်။ သိမီသူများကို ချဉ်းကပ်မေးမြန်းခဲ့သည်။ ထိုရေအိုးစင် ငါးခုသည် ရက်ကန်းလုပ်သားများ၏ကုသိုလ်ဒါနကို ဖော်ကျူးပြသလျက်ရှိသည့် သမိုင်းပြယုဂ်ဖြစ်၍ ရှေးဟောင်းစာရင်းဝင်ရန် နှစ် ၂၀ ခန့်သာ လိုပါတော့သည်။

တစ်နေ့တွင် အမရပူရမှ ပုံစံတူ၊ အရွယ်တူ၊ အလှူရှင် ဦးဖိုးညာဏ်၊ ဒေါ်ဇန်နှင့် ရက်ကန်းလုပ်သားများ စုပေါင်းကောင်းမှုဟုဆိုသော ရေအိုးစင်များရှိရာသို့ အမရပူရမှ ကဗျာဆရာ လူပြာထက်နှင့်အတူ သွားရောက်လေ့လာခဲ့သည်။ ထိုအကြောင်းကို သိရှိသူ ရက်ကန်းဒီဇိုင်းပညာရှင် ဦးသန်းထွန်းနှင့် တွေ့ဆုံ၍ မေးမြန်းစူးစမ်းပြီး မှတ်တမ်းတစ်ခု ပြုစုလိုက်ပါ၏ ။

"ကျွန်တော်အသက် ၆၀ ရှိသူတောင် ဦးဖိုးညာဏ်တို့ကို မမီလိုက်ဘူး။ အဖေတို့လက်ထက်က ဖြစ်တာရယ် တည်ဆောက်ချိန် ရေးထိုးတဲ့ကမ္ပည်းက ခုနှစ်တွေကိုကြည့်ရင် နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီ။ တောင်ကြီးတံတားထိပ် ရေအိုးစင်နဲ့ တောင်ခွင်မင်းကြီးဘုရားနားက ရေအိုးစင်တည်ဆောက်တဲ့ ရေအိုးစင်က ကမ္ပည်းထိုးထားတာကို ကြည့်ရင် တစ်နှစ်ခြားတဲ့အတွက် တစ်နှစ်ကို ရေအိုးစင်တစ်ခု တည်ဆောက်လှူဒါန်းတယ်လို့ ပြောရမယ်။ သိသလောက်က ငါးခုရှိတယ်လို့ ကြားဖူးပေမယ့် ကျွန်တော်သိသလောက်က လေးခုပဲ ရှိတယ်။ တစ်နေရာမှာတော့ ရှိလိမ့်မယ်။ ရေအိုးစင်တွေ တည်ဆောက်လှူဒါန်းတဲ့ နေရာတွေကို ကြည့်ရင် လူအများသွားလာမှုများပြားတဲ့ ဘုရားနဲ့ တံတားတွေနားမှာ ရှိနေတာတွေ့ရတော့ လူအများသွားလာမှုများတဲ့နေရာကို ရွေးချယ်လှူဒါန်းတယ်လို့ ပြောနိုင်ပါတယ်"ဟု ဦးသန်းထွန်းက ပြောသည်။





### ပုံစံတူ ရေအိုးစင်ကုသိုလ်ရှင်

အမရပူရသည် ရက်ကန်းလုပ်ငန်းဖြင့် ယနေ့တိုင် လူမှုစီးပွားရေးတွင် အောင်မြင်လျက်ရှိသည်။ အမရပူရ ရက်ကန်းထည်ဆိုလျှင် နာမည်တစ်လုံးဖြင့် ကျော်ကြားသည်က သက်သေဖြစ်သည်။ ရက်ကန်းလုပ်ငန်းကို ရှေးနှစ်ပေါင်း ၁၀ ဝန်းကျင်ကတည်းက အခြေတည်လုပ်ကိုင်ခဲ့ကြသည်။ တစ်ချိန်က လက်ရက်ကန်းဖြစ်၍ ပိုးထည်ကို အများဆုံး ရက်လုပ်ကြသည်။ ချည်ထည်ရက်လုပ်သည်လည်းရှိသော်လည်း ပိုးထည်က ပိုမိုများပြားသည်။ ယနေ့အချိန်တွင် ချည်ထည်များလည်း ရက်လုပ်လာကြပြီဖြစ်ပြီး ဒေသအသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိသည်။ သို့ဖြစ်၍ အမရပူရ၏ အသက်သွေးကြောဟုဆိုနိုင်သည်။ ရေအိုးစင် ကုသိုလ်ရှင် ၁၉၄၀ ဝန်းကျင်က အမရပူရတွင် နာမည်ကြီးသော ရက်ကန်းရုံပိုင်ရှင် ဦးညာဏ်၊ ဒေါ်ဇန်ဖြစ်၍ ရက်ကန်းစင်ပေါင်း ၂၀ ကျော်နှင့် လုပ်သားပေါင်း ၃၀ ကျော်နှင့် ပိုးထည်များ ရက်လုပ်သည်။

"ဦးဖိုးညာဏ်၊ ဒေါ်ဇန် ပိုးထည်တိုက်က အမရပူရ အိုးတော်ရပ်ကွက်(သိမ်ကြီးဈေးတောင်ဘက်) စစ်ကိုင်း-မန္တလေးကားလမ်းဘေးမှာ ရှိတယ်။ အဲ့တုန်းက ရက်ကန်းစင် ၂၀ လောက်ရှိတဲ့ လုပ်ငန်းကြီး။ တစ်နည်းအားဖြင့် "တဲကြီး"လို့ ခေါ်တယ်။ ဦးဖိုးညာဏ်၊ ဒေါ်ဇန်တို့က ငွေကြေးပြည့်စုံမှုရှိပေမယ့် တစ်ဦးတည်း ကုသိုလ်မယူဘဲ ရက်ကန်းလုပ်သားတွေရဲ့ လုပ်အားဒါန၊ ကောင်းမှုကုသိုလ်ရအောင် သူတို့လုပ်အားခချေးနည်းစာထဲက စုဆောင်းပြီး ရေအိုးစင် တည်ကြတယ်။ အလုပ်ရှင်က ဦးစီးဦးကိုင်လုပ်တော့ အဓိကကျတာပေါ့။ တစ်နှစ်ကို တစ်လုံးဆိုရင် ငါးခုက တစ်နှစ်စီ ခြားသွားတဲ့ သဘောရှိတယ်"ဟု အမရပူရ၊ ဆင်တိုင်ရပ်ကွက်နေ၊ ရက်ကန်းထည် ဒီဇိုင်းပညာရှင် အသက် ၆၀ အရွယ်ရှိ ဦးသန်းထွန်းက ပြောသည်။

### ရေအိုးစင်များ တည်ရှိရာ

အပျက်အစီးနည်း၍ မူလလက်ရာနီးပါးရှိနေသော ဦးဖိုးညာဏ်၊ ဒေါ်ဇန်နှင့် ရေအိုးစင်မှာ တောင်သမန် ဦးပိန်တံတား အရှေ့ဘက်၊ တောင်ခွင်မင်းကြီးဘုရားအနောက်တောင်ဘက်တွင် တွေ့ရသည်။ လမ်းခင်းထားသဖြင့် မူလအမြင့် ၁၀ ပေ ခန့်ထက် ၃ ပေခန့်နိမ့်ဆင်းသွားသည်။ အကျယ်(အလျား)မှာ ၅ ပေခန့်၊ ရှေ့နောက် အကျယ်(အနံ)မှာ ၄ ပေခွဲခန့်ရှိသည်။ အုတ်နှင့် ပြုလုပ်ထားပြီး မျက်နှာဖွင့် အပေါ်ပြာသာဒ်တွင် ၂ ပေခန့်အမြင့်ရှိ သိကြားမင်း ကငွေခရုဖြင့် ရေစင်သွန်းလောင်းထားသည့် သိကြားမင်းကို အကောင်းနီးပါး တွေ့ရသည်။ သိကြားမင်း ရုပ်တုအပေါ်ဘက်မှ "မြဟ္မာ သုခံ- လာဘံသိဒ္ဓိ" ဟူ၍ မျဉ်းကွေးပုံအင်္ဂတေ ဖောင်းကြွစာလုံးဖြင့် ထွင်းထုထားသည်။ တောင်သမန်အင်း ဘေးနှင့် နီးကပ်သည်က တစ်ကြောင်း၊ ခေတ်ကာလအရ အများစုသည် ရေသန့်ဘူးသောက်သုံးကြသည်က တစ်ကြောင်း ရေအိုးစင်မှာ ရေအိုးမရှိဘဲ အထီးကျန်လျက်ရှိသည်။ ရေအိုးစင်သည် ရေအိုးနှင့် သောက်ရေခွက်ရှိမှသာ ပြည့်စုံသည်ဖြစ်ရာ ရေအိုးနှင့် ရေခွက်မရှိသော ရေအိုးစင် ဖြစ်နေသည်။

### တောင်ကြီးတံတားထိပ်မှ ရေအိုးစင်

အမရပူရ၊ တောင်ကြီးရပ်ကွက်တွင် တောင်ကြီးတံတားရှိသည်။ ဦးပိန်သည် တောင်ကြီးတံတားမှာ ဦးပိန်တံတားနှင့် ပုံစံတူသစ်သားတံတား(ကျွန်းတံတား)ဖြစ်၍ ရှေးဟောင်းသမိုင်းဝင် တံတားဖြစ်သည်။ ဦးပိန်တံတားနှင့် ဖွားဖက်တော် ဖြစ်သည်ဟုဆိုနိုင်ပြီး တံတားထိပ်တွင် ဖြတ်သန်းသွားလာသူများ နားနေရန် သစ်သားခုံတန်းလျားများ တည်ဆောက်ထားသည်။ တောင်ကြီးတံတား၏ မြောက်ဘက်ထိပ်တွင် ဦးဖိုးညာဏ်၊ ဒေါ်ဇန် ကောင်းမှုဖြစ်သည့် ရေအိုးစင်ရှိ၍ မူလလက်ရာနီးပါး ကျန်ရှိသည်။

ယနေ့မြင်တွေ့ခဲ့ရသည်မှာ ထိုရေအိုးစင်၌ သောက်ရေအိုး(မြေအိုး)သုံးလုံး၊ ရေအိုးဖုံးနှင့် သောက်ရေခွက်တစ်လုံးတွေ့ခဲ့ရသဖြင့် ကြည်နူးမိသည်။ ရေအိုးစင်ဆိုလျှင် သောက်ရေထည့်ထားသည့် ရေအိုး၊ ရေခွက်ရှိသင့်သည်။ ရေအိုးစင်ကြီးရှိပါသော်လည်း ရေသောက်သုံး၍ မရလျှင် ရေအိုးစင်ဟု မဆိုနိုင်တော့ပေ။ တောင်ခွင်မင်းကြီးဘုရားအနီးမှ ဦးဖိုးညာဏ်၊ ဒေါ်ဇန်တို့ ရေအိုးစင်သည် ရေအိုးစင်(ရေချမ်းစင်)ဟု မဆိုနိုင်တော့ဘဲ အုတ်တိုက်ကလေးတစ်ခုအဖြစ် အကျည်းတန်နေသည်မှာ ဝမ်းနည်းဖွယ်ဟု ဆိုချင်ပါတော့သည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## ကျန်းမာရေးလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သူများ အသက်၁၁နှစ်မျှ ပိုရှည်လာနိုင်သည်ဟု ဆို

ကိုယ်လက်လှုပ်ရှားမှုသည် လူတို့၏နေ့စဉ်ကျန်းမာရေးဘဝကို တိုးတက်ကောင်းမွန်စေကြောင်း ကျန်းမာရေးလိုက်စားသူများ သိရှိထားပြီးဖြစ်သည်။

လမ်းလျှောက်ခြင်းအပါအဝင် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်မည်ဆိုလျှင် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်မည်ဟု ဆေးသိပ္ပံပညာရှင်များ လေ့လာတွေ့ရှိထားသည်။

ကိုယ်လက်လှုပ်ရှားမှုနှင့် အသက်ရှည်ခြင်းအကြား ဆက်နွယ်ပတ်သက်နေပုံကို အမေရိကန်ပြည်ထောင်စု ဂရစ်ဖစ်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာဗီယာမန်းဦးဆောင်သော သုတေသီများ လေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ ကျန်းမာရေးလေ့ကျင့်ခန်းပုံမှန်ပြုလုပ်သူများ အသက် ၁၁နှစ်မျှ ပိုရှည်လာနိုင်သည်ဟု ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

SCI

## Bilkin ၏ How To Make Millions Before Grandma Dies မှာ ဝင်ငွေမြင့်၍ သမိုင်းဝင်ခဲ့

ထိုင်းရုပ်ရှင်ကား How To Make Millions Before Grandma Dies တွင် မင်းသားချောဘီလ်ကင် ပါဝင်ထားပြီး ဝင်ငွေသန်းတစ်ရာရသည့် ပထမဆုံးရုပ်ရှင်အဖြစ် မှတ်တမ်းဝင်သွားခဲ့သည်ဟု ထိုင်းအတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါရုပ်ရှင်တွင် ဘီလ်ကင်က အမွေရလို၍ အဘွားကိုပြုစုပေးခဲ့ရာမှ အဘွားနှင့်သံယောဇဉ်တွယ်သွားပုံကို ရိုက်ကူးတင်ပြထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်သည် Bad Genius ကိုကျော်တက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ တရုတ်ပြည်မကြီးတွင် တရုတ်၊ အမေရိကန်၊ ဂျပန်တို့မှ ထုတ်လုပ်သည့်ရုပ်ရှင်မဟုတ်ဘဲ ဝင်ငွေသန်းတစ်ရာ ပထမဆုံးရရှိခဲ့သည့် ပထမဆုံးရုပ်ရှင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရုပ်ရှင်သမိုင်းတစ်လျှောက် ဝင်ငွေအများဆုံးရရှိသည့် ထိုင်းရုပ်ရှင်ကားဖြစ်ခဲ့ကာ ထိုင်းအနုပညာလောကအတွက် ဂုဏ်ယူဖွယ်မှတ်တိုင်သစ်ကို စိုက်ထူနိုင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့သည်။

SKY

## IU က World Tourus အပြီး ဝန်ထမ်းအားလုံးကို Business Class ထိုင်ခုံဝယ်ပေးခဲ့



အိုင်ယူ၏ တစ်ကိုယ်တော် ကမ္ဘာလှည့်ဖျော်ဖြေပွဲ အမေရိကန်ခရီးစဉ်တွင် အလုပ်ကြိုးစားခဲ့သည့် ဝန်ထမ်းပေါင်းတစ်ရာအတွက် Business Class ထိုင်ခုံများ ဝယ်ပေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကိစ္စအတွက် ဝန်ထမ်းများက ကျေးဇူးတင်ကြောင်းပြောကြားထားကြကာ ဝန်ထမ်းတစ်ဦးက အလုပ်ကြိုးစားမှုအတွက် ထိုင်ခုံများ ဝယ်ပေးသူမှာအိုင်ယူဖြစ်သည်ဟုပြောကြားခဲ့ကာ ကိုရီးယားကိုသက်တောင့်သက်သာနှင့် ပြန်နိုင်၍ ထပ်ဆင့်ကျေးဇူးတင်ပြီး အိုင်ယူ (ခေါ်) လီဂျီအွန်း နတ်သမီးလေးအကောင်းဆုံးဟု ရေးသားထားကြသည်။

အိုင်ယူ၏ ဖျော်ဖြေပွဲတွင် အကသမားသုံးဆယ်၊ တီးဝိုင်းအဖွဲ့အေဂျင်စီအမှုဆောင်၊ လုံခြုံရေးစုစုပေါင်းတစ်ရာကျော်အတွက် လက်မှတ်ထိုင်ခုံများဖြစ်ပြီး သူ၏ပထမဆုံး ကမ္ဘာလှည့်ဖျော်ဖြေပွဲ HEREH ပြီးဆုံးခဲ့ကာ ဝန်ထမ်းများအပေါ် တန်ဖိုးထားမှုကိုပြသခဲ့ခြင်းဖြစ်သည်။

ဂျပန်ဖျော်ဖြေပွဲတွင်လည်း အိုင်ယူက Luxurious food truck ဝန်ထမ်းများအတွက် ပြင်ဆင်ပေးခဲ့သည်။

SKY



## BTS အဖွဲ့နှင့် Grammy ဆု စတင်တွေ့ရှိချိန်ကို ဖော်ပြထား

ကမ္ဘာကျော်ကေပေါ့ပ် ဘီတီအက်စ်အဖွဲ့နှင့် Grammy ဆု စတင်တွေ့ဆုံခဲ့ချိန်ကို ပရိသတ်များအတွက် ဖော်ပြထားပြီး ၂၀၂၄ ခုနှစ်အတွက်လည်း ဆန်ခါတင်ဝင်ရောက်နေသည့်အဖွဲ့ဝင်များကို ထုတ်ပြန်ပေးထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီတီအက်စ်အဖွဲ့သည် ၂၀၁၉မှစတင်၍ ၂၀၂၁တွင် Dynamite သီချင်းနှင့် Best Pop Duo Group Performance အတွက် ဆန်ခါတင်ဝင်ခဲ့ရာမှ နှစ်စဉ် Grammy ဆု ဆက်တိုက်ဆန်ခါတင်စာရင်းဝင်ခဲ့ကြသည်။

၂၀၁၉ခုနှစ်တွင် ကာဗာဒီဇိုင်းအတွက်အပါအဝင် ၂၀၂၁ မှ ၂၀၂၃ ခုနှစ်ထိ ဘီတီအက်စ်သီချင်းများမှာ တစ်ကိုယ်တော်ရော၊ အဖွဲ့လိုက် လှုပ်ရှားမှုပါ ငါးကြိမ်တိတိ ဆန်ခါတင်ဝင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အဖွဲ့ဝင်များအနက် လေးဦး ဆန်ခါတင်စာရင်းဝင်နေသည်။

SKY



## BTS မှ Jin က TXT မှ Huening Kai ကို မွေးနေ့ဂုဏ်ပြုလက်ဆောင်ပေး

ဘီတီအက်စ်အဖွဲ့ဝင်ဂျင်(ခေါ်) ကင်ဆွတ်ဂျင်သည် အေဂျင်စီတူ ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ တီအိပ်စ်တီမှ ဟူနင်းကိုင်မွေးနေ့ကို ဂုဏ်ပြုလက်ဆောင်ပေး၍ ညစာကို တစ်ဖွဲ့လုံးအတွက်ဝယ်ကျွေးခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျင်သည် အစ်ကိုကြီးပီသစွာ ဘီတီအက်စ်အဖွဲ့ဝင်များကိုလည်း လက်ဆောင်ပေးတတ်ပြီး ဂျူနီယာအဖွဲ့ တီအိပ်စ်တီအဖွဲ့သားများနှင့်ပါ ရင်းနှီးခင်မင်၍ ဟူနင်းကိုင်မွေးနေ့ကို ဂုဏ်ပြုလက်ဆောင်ပေး၍ ညစာလိုက်ကျွေးခဲ့သည်ကို တွေ့ရ၍ ပရိသတ်ချီးကျူးမဆုံးဖြစ်နေကြသည်။

ဂျင်၏ Run Jin အစီအစဉ်တွင် သူ၏ထူးထူးခြားခြားစွမ်းရည်များနှင့် ဟာသဉာဏ်ကိုပေးစွမ်းနိုင်၍ ပါဝင်ထားကြသော အနုပညာရှင်များနှင့်လည်း ရင်းနှီးခဲ့သည်။

SKY





## MEOW(MEOVV) ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ ထွက်ရှိလာ

ကေပေါ့ပ်ပဉ္စမမျိုးဆက်အဖွဲ့ MEOW(MEOVV) ၏ ဂီတနှင့် မိတ်ဆက်ပေးခဲ့ရာ အဖွဲ့ဝင်အမျိုးသမီးငယ်ငါးဦး၏ ဂီတစွမ်းရည်ကို ချီးကျူးခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

အဖွဲ့အမည် MEOVV ဖြစ်ပြီး ဂီတအယ်လ်ဘမ်ခေါင်းစဉ်ကို MEOW ဟု အမည်ပေးထားကာ အဖွဲ့ဝင်ဂါ၀မ်အသံမှာ စိတ်လှုပ်ရှားဖွယ် ဆွဲဆောင်အားရှိပြီး သီချင်းနှင့် ကွက်တိသုံးထားကာ၊ နာရင်းအသံမှာ ဝင်တားနှင့်ဆင်တူပြီး၊ အီလီဟေအသံမှာ နားထောင်အကောင်းဆုံး mood အပြည့်ရှိခဲ့သည်။

အန်နာမှာ လှပချောမောမှုနှင့် ဂီတသံစဉ်လိုက်ဖက်မှုအပြင် အကစွမ်းရည်မြင့်မားသည်ကို တွေ့ကြရပြီး ဆူအင်၊ နာရင်းနှင့် ဂါဝမ်တို့ သုံးဦးအကမှာ ဆွဲအားပြင်းခဲ့သည်။

နာမည်ကျော်ထုတ်လုပ်သူ တက်ဒီ၏စီစဉ်မှုနှင့် ထွက်ရှိလာသည့် ကေပေါ့ပ်မျိုးဆက်သစ် ဂီတအဖွဲ့ဝင်များမှာ ချီးကျူးစရာကောင်းကာ စောင့်ကြည့်ရမည့်အဖွဲ့ဖြစ်လာနိုင်သည်ဟု ပရိသတ်မှတ်ချက်ပေးထားသည်။

SKY

## Joker:Folie a Deux တွင် Lady Gaga မပါလျှင် ပိုကောင်းမည်ဟု ဆို

၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသည့် Joker:Foliea Deux ၂၀၁၉ ခုနှစ် Joker ၏ အဆက်ဖြစ်ပြီး လေဒီဂါဂါပါဝင်ထားခြင်းမရှိလျှင် ပိုကောင်းမည်ဟု ပရိသတ်များမှ မှတ်ချက်ပေးထားကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မူရင်း Joker ၏အောင်မြင်မှုကိုဖျက်ဆီးထားပြီး ဇာတ်လမ်းအရ ကောင်းမွန်ခြင်းမရှိဘဲ ဂီတကို အသားပေးဖော်ပြထားခြင်းကို ဖယ်ပစ်လျှင် လေဒီဂါဂါပါဝင်ခြင်းမရှိလျှင် ပိုကောင်းနိုင်သည်ဟု မှတ်ချက်ပေးထားကြသည်။

ရှင်ရှင်အမည် Joker: Folie a Deux အမည်မှာ ပြင်သစ်မှ ဆင်းသက်လာပြီး "လူတစ်ယောက်တည်း ဒါပေမယ့် ရှုပ်သွပ်မှုကိုယ်စီရှိသူနှစ်ယောက်" ဟုအဓိပ္ပာယ်ရကာ လူတစ်ဦးစိတ်နှစ်ခွနှင့်ကိုပုံဖော်ထားသည်။

ယင်းရုပ်ရှင်တွင် လေဒီဂါဂါနှင့် ဂီတပိုင်းကိုထည့်သွင်းထားခြင်းမှာ သင့်တော်မှုမရှိ၍ ဂျိုကာ၏ သရုပ်ဆောင်မှုအတွက် အနှောင့်အယှက်ဖြစ်စေသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။ SKY



# တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် တောင်းပန်၊ အတိုက်အခံအင်အားစုများက ထောင်နှင့်ချိန်၍ ဆန္ဒပြ



**မနီလာ ဒီဇင်ဘာ ၇**

မိမိအလျင်စလို စစ်အုပ်ချုပ်ရေးကျင့်သုံးရန် ကြေညာခဲ့မိသဖြင့် ပြည်သူထုလုတစ်ရပ်လုံးကို တောင်းပန်ကြောင်း တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်က ဒီဇင်ဘာ ၆ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောစဉ် ထုတ်ဖော်ပြောကြားသော်လည်း ညဦးပိုင်းတွင် အတိုက်အခံအင်အားစုများက ဆိုးလ်မြို့လယ်၌ ထောင်နှင့်ချိန်၍ စုဝေးကာ ဆန္ဒပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အတိုက်အခံနိုင်ငံရေးအင်အားစုဝင်များသာမက အာဏာရပါတီခေါင်းဆောင်ကိုယ်တိုင်သည်ပင်လျှင် သမ္မတ ယွန်းဆွတ်ယူးလ်ကို ရာထူးမှ ဖယ်ရှားပစ်သင့်ကြောင်း အတိအလင်းပြောကြားရာမှ ဒီဇင်ဘာ ၇ ရက်တွင် တောင်ကိုရီးယားပါလီမန်က သမ္မတကို စွပ်စွဲပြစ်တင်ရေးကိစ္စ မဲခွဲဆုံးဖြတ်ကြသည်။

ယမန်နေ့ညပိုင်းတွင် ပါလီမန်ရှိ ဥပဒေပြုအမတ်များဆွေးနွေးခဲ့သည့် ရလဒ်အပေါ်မူတည်၍ သမ္မတ ယွန်း၏ နိုင်ငံရေးကံကြမ္မာအလှည့်အပြောင်းအတွက် မဲခွဲခဲ့ကြခြင်းဖြစ်သည်။

နောက်ဆုံးတွင် အဖြေထွက်လာသော မဲရလဒ်အရ စစ်အုပ်ချုပ်ရေးကျင့်သုံးရန် နာရီပိုင်းမျှကြေညာမိခဲ့သော သမ္မတအပေါ် စွပ်စွဲပြစ်တင်စရာမလိုဟု ပါလီမန်က ဆုံးဖြတ်ပေးလိုက်သည်။

အတိုက်အခံနိုင်ငံရေးခေါင်းဆောင်ပိုင်းက မိမိတို့အနေဖြင့် လွယ်လွယ်နှင့် အလျှော့ပေးမည်မဟုတ်ဟု ဆက်လက်ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

**Mon**



သမိုင်းဝင် ရှေးဟောင်း နော်တာဒိမ်းဘုရားကျောင်း ပြုပြင်မွမ်းမံဖွင့်လှစ်သည့် အခမ်းအနားကို ဒီဇင်ဘာ ၅ ရက်က ကျင်းပရာ ပရိသတ်များကြားတွင် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန်ကို တွေ့ရစဉ်။

**Mon**




# ကွန်ဂိုနိုင်ငံ၌ ဖြစ်ပွားနေသော ရောဂါဆန်းကို လေ့လာရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူများကို စေလွှတ်

**ဂျီနီဗာ ဒီဇင်ဘာ ၇**

ကွန်ဂိုနိုင်ငံ၌ ဖြစ်ပွားနေသော ရောဂါဆန်းအကြောင်းကို လေ့လာရန် ကုလသမဂ္ဂ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဗေဒကျွမ်းကျင်သူများကို ဒီဇင်ဘာ ၆ ရက်က စေလွှတ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာလအတွင်းက အမျိုးအမည်မသိရသော ရောဂါတစ်မျိုးကြောင့် ကွန်ဂိုနိုင်ငံတွင် လူပေါင်း ၁၄၃ ဦး သေဆုံးခဲ့ရသည်။

ယခုလက်ရှိ ဆေးမှတ်တမ်းများအရ ကွန်ဂိုနိုင်ငံ ပန်ဇီဒေသအတွင်း အမည်မသိရသေးသော ရောဂါဆန်းတစ်မျိုးကြောင့် မကြာသေးမီက လူ ၃၀ ဦး သေဆုံးခဲ့ပြီး လူပေါင်း ၃၉၄ ဦး ထိုရောဂါကူးစက်ခံနေရကြောင်း ကွန်ဂိုအစိုးရလူထုကျန်းမာရေးဌာနက အတည်ပြုသည်။

အဆိုပါရောဂါဆန်း ကူးစက်ခံရသူများသည် ချောင်းဆိုး၊ ခေါင်းကိုက်၊ ဖျားနာ၊ အသက်ရှူကျပ်ကာ သွေးအားနည်းလာရာမှ အခြေအနေဆိုးလာလျှင် သေဆုံးသွားကြကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# တစ်တော့လူမှုကွန်ရက် လျှောက်လဲချက်တင်သော်လည်း အမေရိကန်ပြည်ထောင်စုတရားရုံး၏ ပယ်ချခြင်းခံရ

**ဝါရှင်တန် ဒီဇင်ဘာ ၇**

တစ်တော့လူမှုကွန်ရက်က အမေရိကန်ဈေးကွက်တွင် ဆက်လက်ရပ်တည်ရှင်သန်နိုင်စေရန် လျှောက်လဲချက်တင်သော်လည်း ယမန်နေ့က အမေရိကန်ပြည်ထောင်စုတရားရုံး၏ ပယ်ချခြင်းခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်တော့က အမေရိကန်အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် တားဆီးပိတ်ပင်ခံရခြင်းဖြစ်ရာ လျှောက်လဲသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ တရားဥပဒေလမ်းကြောင်းအရ ဆက်လက်လျှောက်လဲခွင့်ကျန်ရှိနေသေးသဖြင့် တစ်တော့ဘက်က လက်လျှော့မည်မဟုတ်ဟု အသိပေးကြေညာခဲ့ကြောင်း သိရသည်။

**Mon**




# အီရန်နိုင်ငံက ယူရေနီယံ စတင်တိုးမြှင့်သန့်စင်မည့်ကိစ္စ အလွန်စိုးရိမ်မကင်းဖွယ်ဖြစ်သည်ဟု ဂရော့ဆီ သုံးသပ်




**ဝါရှင်တန် ဒီဇင်ဘာ ၇**

အီရန်နိုင်ငံက ယူရေနီယံ စတင်တိုးမြှင့်သန့်စင်မည့်ကိစ္စနှင့်ပတ်သက်၍ မိမိအလွန်စိုးရိမ်မကင်းဖွယ်ဖြစ်မိသည်ဟု ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ရာဖေးလ်ဂရော့ဆီ သုံးသပ်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘာရိန်းနိုင်ငံတွင် လက်ခံကျင်းပသော မနာမာဆွေးနွေးပွဲ၌ အမှာစကားပြောစဉ် ၎င်းက ထိုသို့သုံးသပ်ပြောကြားလိုက်ခြင်းဖြစ်သည်။

အစ္စရေးဘက်က အီရန်နိုင်ငံရှိ နျူကလီးယားစက်ရုံများနှင့် သက်ဆိုင်သော ပစ်မှတ်များကို လုံးဝမတိုက်ခိုက်ရန်လည်း ၎င်းက တစ်ဆက်တည်း သတိပေးခဲ့သည်။

အီရန်နိုင်ငံရေးသမားအချို့က နျူကလီးယားလက်နက်ထုတ်လုပ်ရန် ဖိအားပေးပြောဆိုလျက်ရှိရာ တိုးမြှင့်သန့်စင်ထားသော ယူရေနီယမ်များကို စွမ်းအင်ထုတ်ယူရန်မသုံးဘဲ လက်နက်ဖြစ်လာနိုင်သည်ဟု ရာဖေးလ်ဂရော့ဆီက ထောက်ပြကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀




# ဂါနာ၌ သမ္မတရွေးကောက်ပွဲအတွက် မဲပေးပြီးနောက် ရက်ပိုင်းအတွင်း မဲအနိုင်၊ အရှုံးရလဒ်ထွက်ပေါ်လာမည်

**အက်ကရာ ဒီဇင်ဘာ ၇**

ဂါနာနိုင်ငံ၌ သမ္မတရွေးကောက်ပွဲအတွက် ယမန်နေ့က မဲပေးပြီးနောက် လာမည့်ရက်ပိုင်းအတွင်း မဲအနိုင်၊ အရှုံးရလဒ်ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နာနာအကူဖို အက်ဒို ၏ သမ္မတရာထူးသက်တမ်းပြည့်မြောက်သွားပြီဖြစ်သဖြင့် သမ္မတသစ်တင်မြှောက်ရန် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။

သမ္မတဟောင်း ကျွန်မာဟာမာနှင့် ဒုတိယသမ္မတ မာဟာမူဒူဘာဝူမီယာတို့နှစ်ဦးအနက်မှ တစ်ဦးသမ္မတသစ်ဖြစ်လာနိုင်သည်ဟု မဲဆန္ဒရှင်များ မျှော်လင့်ထားကြောင်း သိရသည်။

**Mon**



# ဖိလစ်ပိုင်တောင်ပိုင်း၌ ပြန်ပေးဆွဲခံရသော အမေရိကန်တစ်ဦး သေဆုံးသွားပြီဟု ယူဆရသဖြင့် လိုက်လံစုံစမ်းရှာဖွေနေ

**ဂျီနီဗာ ဒီဇင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ လွန်ခဲ့သော အောက်တိုဘာလက ပြန်ပေးဆွဲခံရသော အမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သူ အဲလီယော့အိစ်မန်း သေဆုံးသွားပြီဟု ယူဆရသဖြင့် ဒေသခံရဲစုံထောက်များ လိုက်လံစုံစမ်းရှာဖွေနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁၇ ရက်က ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းပေါ်ရှိ နေအိမ်သို့ လူလေးဦး ဝင်ရောက်လာပြီး ၎င်းကို ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ညတွင်ပင် ဓားစာခံ အမေရိကန်နိုင်ငံသား သေနတ်ဒဏ်ရာဖြင့် မော်တော်ဘုတ်ပေါ်တွင် သေဆုံးသွားခဲ့ကြောင်း ပြန်ပေးသမားတစ်ဦးနှင့် ဆွေမျိုးတော်စပ်သည့် မျက်မြင်သက်သေတစ်ဦးက ထုတ်ဖော်ပြောကြားသည်။



ပြန်ပေးသမားများက အဲလီယော့အိစ်မန်း၏ အလောင်းကို ပင်လယ်ထဲသို့ ပစ်ချခဲ့သည်ဟု ဆက်လက်ပြောကြားသော ထိုမျက်မြင်သက်သေမှတစ်ဆင့် ပြန်ပေးသမားများကို လက်ရဖမ်းဆီးနိုင်ရန် ဖိလစ်ပိုင်ရဲစုံထောက်များ စုံစမ်းထောက်လှမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

## လျှော်ဘေးနှင့် မိုးကြိုးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းဖြတ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆောင်ရွက်သည့် လျှော်ဘေးနှင့် မိုးကြိုးဘေးအန္တရာယ်များဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ဟိုနား)၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဦးစီးအရာရှိ ဒေါ်သင်းမြတ်ရည်ဝင်းက ဘေးအန္တရာယ်အမျိုးအစားများ၊သဘာဝဘေးကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ်နှင့် လူကြောင့်ဖြစ်ပွားသည့် ဘေးအန္တရာယ်အကြောင်းသိကောင်းစရာများ၊ လျှော်လှုပ်ချိန်ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် မိုးကြိုးဘေးအန္တရာယ်အကြောင်းသိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို လျှော်လှုပ်ချိန်နှင့် မိုးကြိုးပစ်ချိန်များတွင် ပြုမူနေထိုင်ရမည့်အချက်များကို လက်တွေ့သရုပ်ပြသခဲ့သည်။



ဆက်လက်၍ ဟောပြောပွဲများအပြီးတွင် ကျောင်းသား၊ ကျောင်းသူများအား ဟောပြောချက်များအပေါ် မေးမြန်းဆွေးနွေးခြင်း၊ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခြင်းများပြုလုပ်၍ ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*



## မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၂ ရက် ညနေ ၅ နာရီက မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ထက်နိုင်ဆိုသူမောင်းနှင်လာသည့် HARRIER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူအလေးချိန် ၈၈၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ထက်နိုင်(၂၆)နှစ်ဆိုသူအား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှူခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၅ ဒသမ ၁၄ တန်၊ အခြားသစ် ၂၈ ဒသမ ၁၉၃ တန်၊ တရုတ်နီ အင်ဂျင်နှစ်လုံးသုံးဘီးဆိုင်ကယ်နှစ်စီးနှင့် သစ်စက်ဆက်စပ်ပစ္စည်းများကို သစ်တောဥပဒေအရ သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုးကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုးကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကချင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ တရားမဝင်စက်သုံးဆီ၊ ဓာတ်ဆီ ၄၈၄ ဂါလန်၊ ဒီဇယ်ဆီ ၇၇၃ ဂါလန်နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးနှင့် ဆိုင်ကယ်အစီး ၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဈေးအတွင်းတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ၁၆ မျိုးကိုလည်းကောင်း၊ နမ့်ခမ်း-မူဆယ်လမ်းမဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ကျောက်စိမ်းဟု ယူဆရသော လက်ကောက်ကွင်း အကြမ်းထည်မျိုးစုံကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၃၆၄/၁)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ (အောက်ပုံ)

တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ရပ်ထားသည့်ယာဉ်အား နောက်ယာဉ်က ဝင်ရောက်တိုက်မှုဖြစ်ပွား

**ကလော ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်၊ ကလောမြို့၊ လွယ်ဒုံကျေးရွာအုပ်စုပြည်ထောင်စုလမ်းမကြီး၊မိုင်တိုင်အမှတ်(၇၆/၀)နှင့် (၇၆/၁)အနီးတွင် ဒီဇင်ဘာ ၄ရက် ညနေ ၄ နာရီ ၅၀မိနစ်ခန့်က ISUZUEIF ခြောက်ဘီးအဖြူရောင် ယာဉ်သည်လက်ယာဘက်တွင် ရပ်ထားသော NIS-SANDIESEL ခဲရောင်ယာဉ်အား ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ကလောမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ သွားရောက် ကူညီဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ISU-ZUELF အဖြူရောင်ယာဉ်ပေါ်ပါ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်အနက် အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် အောင်ပန်းမြို့ လူမှုကူညီရေးအသင်းလူနာတင်ယာဉ်ဖြင့် ကလောမြို့နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။ (၀၄၅)

## ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်တိုက်မှု ဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၇**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ်(၅၇/၁)အနီးတွင် ဒီဇင်ဘာ ၅ရက် ညနေ ၆ နာရီ ၂၅မိနစ်ခန့်က မော်တော်ယာဉ် တစ်စီးလမ်းလယ်ကျွန်းရှိ သစ်ပင်အားအရှိန်လွန်ပြီး ဝင်ရောက်တိုက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ဘောဂီအမြန်လမ်း မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အမြန်လမ်းရဲတပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသား သုံးဦးအနက် အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် မေတ္တာကမ်းလက်ပရဟိတအသင်းပိုင် လူနာတင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက် ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၃) နှစ်အောက် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ရမှတ် (၁၀၆-၇၂) မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် (၇၀-၆၇) မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B) ရုံ၌ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း (၃)/(၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး -တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးဂိုး - နှစ်ဂိုး၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို လေးဂိုး-သုံးဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ကိုးဂိုး- သုံးဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး -ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘော (ဆီမီးဖိုင်နယ်) ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ အမျိုးသားကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲ-တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံ၌ ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ -တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက စာမျက်နှာ ၁၂ သို့



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။


❍ စာမျက်နှာ ၁၀ မှ

ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကိုနှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာ အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၆၇ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းကမန္တလေးတိုင်းဒေသကြီး အသင်းကို ငါးယောက်အသာ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ခြောက်ယောက်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၁၁ မှတ်အသာဖြင့်လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို သုံးယောက်အသာ၊ ကရင်ပြည်နယ် အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ခြောက်ယောက်အသာ၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ယောက်အသာ၊ မွန်ပြည်နယ်အသင်းက မန္တလေး တိုင်းဒေသကြီးအသင်းကို တစ်ယောက်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့)၊ တစ်ဦးချင်းပြိုင်ပွဲ( အကျောပေး)၊ အသင်းလိုက်ပြိုင်ပွဲ (အကျောမဲ့) နှင့် အသင်းလိုက်ပြိုင်ပွဲ (အကျောပေး) ပြိုင်ပွဲများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသား




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(၅၇) ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ရခိုင်ပြည်နယ်မှ ကျော်စွာမင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးက မကွေးတိုင်းဒေသကြီးမှ လဝန်းအောင်ကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်မှောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အာကာဖြိုးဝေကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောလှပာန်အေးက မန္တလေးတိုင်းဒေသကြီးမှ ရဲမင်းနိုင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား (၇၁) ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီးမှ သက်ကျော်ထွေးကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ထွန်းထွန်းဝင်းက မွန်ပြည်နယ်မှ ဇင်မင်းအောင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ သူရဦးက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ခိုင်မြင့်အောင်ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ရန်ကုန်တိုင်းဒေသကြီးမှ အံ့ထူးနိုင်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်မှ ဗန်လာတ်ထလျန်ဆန်က မကွေးတိုင်းဒေသကြီးမှ သာလင်းထက်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောငွေမိုးက ဧရာဝတီတိုင်းဒေသကြီးမှ ငြိမ်းပြည့်စုံကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းငယ်ငယ်ထူးကို လည်းကောင်း၊ မွန်ပြည်နယ်မှ ကြည်လဲ့လဲ့ဦးက ကရင်ပြည်နယ်မှ ပပဝင်းကိုလည်းကောင်း၊ အမျိုးသမီး (၅၄) ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ဧရာဝတီတိုင်းဒေသကြီးမှ နော်သီရိစန္ဒာကိုလည်းကောင်း၊ အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ချမ်းပြည့်စိုးက ကရင်ပြည်နယ်မှ နန်းအေးသန္တာအောင်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ သွယ်ဇင်ယွန်းက မွန်ပြည်နယ်မှ ငြိမ်းအေးသူကို လည်းကောင်း၊ ချင်းပြည်နယ်မှ ကိမ်ရှန်းဒိတ်ဆန်က မန္တလေးတိုင်းဒေသကြီးမှ အိအိထွေးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နန်းစုနွယ်က တနင်္သာရီတိုင်းဒေသကြီးမှ မာလာစိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး- တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု အားပေးကြသည်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ဆုတံဆိပ်များ ရရှိမှုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများတွင် စစ်ကိုင်းတိုင်းဒေသကြီးက ရွှေတစ်ခု၊ မွန်ပြည်နယ်က ရွှေတစ်ခု၊ ကရင်ပြည်နယ်က ငွေတစ်ခု၊ ရခိုင်ပြည်နယ်အသင်းက ငွေတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ကြေးတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီးက ကြေးတစ်ခု၊ မသန်စွမ်းအားကစားနည်းပြိုင်ပွဲများတွင် ဧရာဝတီတိုင်းဒေသကြီးက ရွှေ ၁၁ ခု၊ ငွေငါးခု၊ ကြေး လေးခု၊ ပဲခူးတိုင်းဒေသကြီးက ရွှေ ရှစ်ခု၊ ငွေ ငါးခု၊ ကြေး ခုနစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးက ရွှေခုနစ်ခု၊ ငွေခုနစ်ခု၊ ကြေးငါးခု၊ မန္တလေးတိုင်းဒေသကြီးက ရွှေလေးခု၊ ငွေကိုးခု၊ ကြေး ၁၁ ခု၊ မွန်ပြည်နယ်က ရွှေလေးခု၊ ငွေခုနစ်ခု၊ ကြေးလေးခု၊ ပြည်ထောင်စုနယ်မြေနေပြည်တော်က ရွှေ လေးခု၊ ငွေငါးခု၊ ကြေးခြောက်ခုတို့ကို ဆွတ်ခူးရရှိထားကြကြောင်း သိရသည်။

သတင်းစဉ်




ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ရခိုင်ပြည်နယ် အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာန အလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ကချင်ပြည်နယ် အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားကြက်တောင်ရိုက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-မျိုးထက်

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သက္ကရာဇ်များ (၉၉)

ဝါကျင့်ကျင့်မီးရောင်အောက်ရှိ ဗလာစာရွက်ပေါ်တွင် ကဗျာစာလုံးများ ကျွန်တော်၏ ဖောင်တိန်နစ်ဖျားမှတစ်ဆင့် ခုန်ပေါက်ပြေးလွှားနေသည်။ ကျွန်တော်၏ ရေးလက်စကဗျာရှည် 'အစိမ်းရောင်သင်္ကေတများ' သည် ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်နေသယောင်။

အမှန်အတိုင်းဝန်ခံရလျှင် ဤကဗျာရှည်သည် ကျွန်တော်၏ ခံစားမှုအတွက်ကို အရောင်တင်ကြည့်နေမိခြင်းသာ ဖြစ်သည်။ သူငယ်ချင်းမက သမီးရည်းစားမကျ ကျေးလက်ကျောင်းဆရာမလေး၏ လောင်းရိပ်အောက်မှာ မသိမသာ သာယာပျော်ဝင်နေမိပြီး မထင်မှတ်ဘဲ အိပ်မက်မှလန့်နိုးသလို ရုတ်တရက်ခွဲခွာခြင်းကို ကဗျာအဖြစ် ခံစားရင်ခုန်ကြည့်မိနေခြင်းလည်း ဖြစ်သည်။

ကဗျာအပိုင်း(၇)အထိ ရေးဖွဲ့အပြီး ကျန်အပိုင်းများကို ဆက်လက်ရေးဖွဲ့ဖြစ်သည်။

(၈)

* ပြတင်းပေါက်က
ဝင်လာမယ့်
အလွမ်းစစ်စစ်နဲ့
ယက်ရှယ်ထားတဲ့
မင်းရဲ့ အော်သံတွေ
ခေါ်သံတွေ ---
ခဏနေ -- ပျံ့ဝဲလာကြလိမ့်မယ်။

* ရေပွက်ပမာပါပဲ
ဘာမှမကြာလိုက်ပါဘူး
အရှုး အမူးစွဲတဲ့အချစ်
အက်ဆစ်တစ်ခွက်
ဖြစ်သွားတယ်။

* ငယ်ဘဝတွေကို တမ်းတ
ချိုချဉ်ရသများ
လျှာဖျားမှာ
အရည်ပျော်ခဲ့ပြီ။

* ဝေဒနာ
ဒဏ်ရာ
ရင်မှာ ကုတ်ခြစ်
အပူချိန် ၁၀၈ တဲ့
ဘာကို အပြစ်တင်ရမလဲ
ဓမ္မသံဝေဂသီချင်း
စိမ်းမြတဲ့ မြက်ခင်းပြင်မှာပဲ
သွားဆိုတော့မယ်။

* တစ်ခါ တစ်ခါ
ဘဝဆိုတာ
အပေါ်ယံလွှာ တောက်ပြောင်မှု
ပျက်ရယ် ပြုမိတယ်။

* အို --- ချစ်လှစွာသော
ကမ္ဘာမြေကြီး
အတွက်အသီးအပွင့်တို့
လိမ်းကျံထားတဲ့
ငါ့အား
ကောင်းချီးထောပနာ
မပြုပါနဲ့လား။

* ညိုမွဲမွဲ
အမည်းရောင် နောင်တဟာ
စက္ကူဖြူလွှလွှပေါ်
လွင့်ကျလာတယ်။

* ပြဿဒါး
ရက်ရာဇာ
အပြာရောင် သက္ကရာဇ်များလည်း
အချိန်လှေကား
ဖြစ်သွားတယ်။

* ဒီလိုနဲ့သာ
နေ့တွေ တစ်နေ့ပြီး
တစ်နေ့
ခုတ်မောင်းသွား
အရိပ်တွေ ရှည်လျားလာတဲ့ငါ
မြို့ပြမှာ
မပျော်ပါဘူး
အချစ်ဦးရေ ---
အဆိပ်ပွင့်လူး
စူးနေတဲ့ ဆူးလိုပါပဲကွယ်။

(၉)

* သြော် ---
ငါဟာ ---
လက်ကိုင်ပဝါထဲမှာလား
နှံ့သာပုတီးထဲမှာလား။

* ငါဟာ ---
နောက်ဆုံးပေါ်
မော်တော်ကားပေါ်မှာလား
မန္တလေးခြေညှပ်
ဖိနပ်ပေါ်မှာလား။

* ငါဟာ ---
ရောင်စုံဈေးခင်းထဲမှာလား
အခန်းကျဉ်းထဲမှာလား။

* ငါဟာ ---
ကျေးလက်စာသင်ကျောင်းမှာလား
(OT)ခွဲခန်းထဲမှာလား။

* ငါဟာ ---
ဖွန်ပန်းပွင့်ထဲမှာလား
ကန္တာရ ဆူးခက်ထဲမှာလား။

* ငါဟာ ---
ငွေလရောင်ခြည်ထဲမှာလား
ဖန်မီးအိမ်ထဲမှာလား။

* ငါဟာ ---
အရက်ဆိုင်ထဲမှာလား
ဘုရားဆောင်
ဧည့်ခန်းထဲမှာလား။

* ငါဟာ ---
ချစ်သူရဲ့ အပြုံးထဲမှာလား
ဝံပုလွေမျက်လုံးထဲမှာလား။

* ငါဟာ ---
ဥပဒေစာအုပ်ထဲမှာလား
မိုးတိမ်တိုက်ထဲမှာလား။

* ငါဟာ ---
ဟိမဝန္တာတောင်ထိပ်မှာလား
သမုဒ္ဒရာချောက်ထဲမှာလား။

* ငါဟာ ---
ဆပ်ပြာပူဖောင်းတွေလို
လေထုထဲ စီးမျောသွားစဉ်
ငါဆိုတာ
ပျောက်ကွယ်သွားခဲ့ပြီ။

* သြော် ---
နံနက်ခင်းကတော့
စိမ်းလန်းခြင်း ဂီတ
အစိမ်းရောင် သင်္ကေတတွေနဲ့
သီချင်းသစ်ဖွဲ့ဆိုလို့။

* ဒါ ---
နေ့တစ်နေ့
ဖြတ်သန်းခြင်းရဲ့
ကိုယ်ရေးအတ္ထုပ္ပတ္တိပဲပေါ့။

(၁၀)

* နံနက်တစ်ခုလင်းရင်
ပြတင်းတံခါးတစ်ချပ်
ဖြတ်ခနဲ ပွင့်မယ်။

* နောက် ---
အရိပ်
အရောင်
အသံ ရနံ့တွေ
ဝင်လာမယ်။

### သွယ်အောင်

* တော်ပြီ
နောက်ထပ်
ပြတင်းတစ်ချပ်
ထပ်မဖွင့်နဲ့တော့။

* အစိမ်းရောင်သင်္ကေတတွေ
တံခါးမခေါက်ဘဲ
ရောက်လာမယ်ဆိုတာ
ငါ ---
အသေအချာ သိခဲ့ရပြီ။

* လက်မတင်ကလေး
နောက်ကျသွားခဲ့တယ်
မျက်လုံးဖွင့်ကြည့်လိုက်တော့
အစိမ်းရောင်တောအုပ်တွေ
ငါ့တစ်ကိုယ်လုံး ဖုံးလွှမ်းခဲ့ပေါ့။ ။

သွယ်အောင်
(၂၅-၁-၁၉၉၁)

ကဗျာရှည်ကို အဆုံးသတ်လိုက်သည်။ ကဗျာရေးပြီးချိန် စာရေးစားပွဲပေါ်က စားပွဲတင်နာရီလေးရဲ့ဒိုင်ခွက်ကို ကြည့်လိုက်တော့ နံနက် ၅ နာရီ ထိုးနေပြီ။

'အစိမ်းရောင်သင်္ကေတများ' ကဗျာရှည်ကို အစအဆုံး တစ်ခေါက်ပြန်ဖတ်ကြည့်မိသည်။ ခန္ဓာကိုယ်က လေထဲမှာ လွင့်နေပြီး ပေါ့ပါးနေသည်။ တစ်ညလုံး မအိပ်ဘဲ ကဗျာထိုင်စပ်နေရသော်လည်း မျက်လုံးများက အိပ်ချင်စိတ်မရှိဘဲ တစ်စုံတစ်ရာကို လိုက်လံရှာဖွေကြည့်နေမိသည်။

အားမလိုအားမရ ဖြစ်လာသောကြောင့် စာရေးစားပွဲထိပ်က ပြတင်းပေါက်ကို ဖွင့်ဖြစ်အောင် ဖွင့်ကြည့်လိုက်မိသည်။ အပြင်မှာ ကဗျာထဲကလိုမဟုတ် လတ်ဆတ်သော လေနုအေးနှင့်အတူ အရုဏ်ဦး အလင်းရောင်ပျပျက မျက်နှာပေါ် ဖြတ်သန်းသွားတော့သည်။

ဖြတ်ခနဲလှမ်းမြင်လိုက်ရသည့် ရှုခင်းကြောင့် ပြန်မအိပ်တော့ဘဲ မျက်နှာသစ် အင်္ကျီအဝတ်အစားလဲပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

သြော် --- မင်္ဂလာနံနက်ခင်းပါလား။ မကြာခင် နံနက်တစ်ခု လင်းပေရော့မည်။



# မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ



**မြစ်သား ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ်၊ ကူမဲမြို့၊ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ကူမဲအ.ထ.ကကျောင်း အောင်ဆန်းခန်းမ၌ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက မြစ်သားမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ အသိပညာပေး ဟောပြောပွဲတွင် ကူမဲ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆိုင်ရာဟောပြော၍ လည်းကောင်း၊ ကူမဲနယ်မြေရဲစခန်းမှ ဒုတိယစခန်းမှူး ဒုရဲအုပ် အောင်ဇော်ဇော်က လူကုန်ကူးမှုအန္တရာယ်နှင့် သက်ငယ်မုဒိမ်းမှုအကြောင်းအရာများကို ဟောပြော၍လည်းကောင်း၊ မြစ်သားမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ဇော်မင်းထွေးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများကိုဟောပြော၍လည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ဟန်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းအရာ၊လူငယ်နှင့်အကျင့်စာရိတ္တခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ အသိပညာပေးဟောပြောပွဲအပြီးတွင် မူခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို (အခမဲ့)ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြစ်သားမြို့နယ်၊ ကူမဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြစ်သားမြို့မရဲစခန်းမှ စခန်းမှူး၊ ဒုရဲမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကူမဲနယ်မြေရဲစခန်းမှ စခန်းမှူး၊ရဲအုပ်၊ ဒုတိယစခန်းမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်စန်းသွယ်သွယ်ဝင်းနှင့်အဖွဲ့ဝင်များ၊ ကူမဲမြို့ အ.ထ.ကကျောင်းမှ ဒုတိယကျောင်းအုပ်ဆရာကြီး ဦးဇော်ဝမ်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ခမ္မရောင်ခြည်

* ဇမ္ဗူဒီပါ ၊ ကျွန်းလက်ျာဝယ်
ရောင်ဝါထိန်လင်း ၊ ရှင်နေမင်းသည်
နေ့ခင်းချိန်ခါ ၊ တစ်နေ့တာဝယ်
ရောင်ဖြာဝင်း၍ ၊ လင်းပေ၏ ။

* ဇမ္ဗူဒီပါ ၊ ကျွန်းလက်ျာဝယ်
သော်တာလမင်း ၊ အမှောင်ခွင်း၍
အလင်းဆောင်ကြဉ်း ၊ အေးမြခြင်းဖြင့်
ညခင်းချိန်ခါ ၊ သာယာ၏ ။

* ဗုဒ္ဓမြတ်စွာ ၊ ဟောကြားရာသည့်
စဉ်သာထွန်းပ ၊ မြတ်ဓမ္မသည်
ဘဝတည်ရာ ၊ သံသရာမှ
လွတ်ရာငြိမ်းကြောင်း ၊ မဂ်လမ်းကြောင်းသို့
ကျိုးကြောင်းညွှန်ဆောင် ၊ အလင်းရောင်မို့
တန်ဆောင်ဆီမီး ၊ ထိန်ထိန်ငြီးတည့်
အံ့ချီးပူဇော်လိုက်ပါ၏ ။ ။

ဇော်မြင်းမိုရ်(မီးရထား)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

# မွေးကင်းစမှ အသက်(၁)နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး ထိုးနှံပေး



**ဟိုပုံး ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက် ၁ နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက စတင်ကာ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ပေးသည်။

ပုံမှန်ကာကွယ်ဆေး တိုက်ကျွေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက် ၁ နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ် ကာကွယ်ဆေး)စသည့်ရောဂါကာကွယ်ဆေးများကို တိုက်ကျွေးထိုးနှံပေးပြီး၊ ကလေးငယ်များအား အပူချိန်တိုင်းတာပေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ခြင်းကို လစဉ် လဆန်းပိုင်း ၆ ရက်နှင့် ၇ ရက်တို့တွင် မွေးကင်းစမှ အသက် ၁ နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ) (၃၆၈)




# ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်

**ပြင်ဦးလွင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့် အစားအစာများ ထောက်ပံ့ပေးအပ်ပွဲကို ရပ်ကွက်ကြီး(၄)ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် အဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန္တာထွန်းနှင့် အဖွဲ့ဝင်များသည် ကိုယ်ဝန်ဆောင် ၇ ဦးတို့အား ကိုယ်ဝန်ဆောင်အာဟာရများဖြစ်သည့် ကြက်ဥ၊ ဖီးကြမ်း ငှက်ပျောသီး၊ အိုင်အိုဒင်းဆား၊ ကွေကာ၊ မုန့်နှင့် ငွေသားကျပ် ၂၀၀၀၀ စီတို့အား ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် အသင်းပိုင် သားဖွားခန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်းတို့အား ဆောင်ရွက်ပေးခဲ့ပြီး အသင်းပိုင်မေတ္တာပန်းငုံမူကြိုကျောင်းမှ ကလေးငယ်များအား ကြက်ဥ၊ အိုဗာတင်းများ တိုက်ကျွေး၍ မုန့်နှင့် ပဲနို့များ ဝေငှခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ရပ်ကွက်ကြီး ၂၁ မိုးကြိုးကျေးရွာရှိ မေတ္တာစမ်းရေ မူကြိုကလေးငယ်များအား အာဟာရပြည့် ကြက်သားဆန်ပြုတ်တိုက်ကျွေး၍ ပဲနို့နှင့် မုန့်များဝေငှခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**တင်စာလွင်(ခရိုင်ပြန်/ဆက်)**



# သတင်းပဒေသာ

## လူထုအခြေပြုဗဟိုဌာနတွင် ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ ၅ရက်မွန်းလွဲပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲဖြေဆို

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်တွင် အခြေခံပညာဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုလျက်ရှိသည်။ လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ယမန်နေ့က မြန်မာစာ၊ အင်္ဂလိပ်စာဖြေဆိုခဲ့ပြီး၊ ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းတွင် အထွေထွေဗဟုသုတ၊ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းတို့ကို ဖြေဆိုကြကာ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းတို့ကိုလည်း ဆက်လက်ရွေးချယ်သွားမည်ဖြစ်သည်။ အဆိုပါ မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ဆီဆိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံး တာဝန်ရှိသူထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆောင်းသီးနှံ၊ နွေစပါးနှင့် နွေသီးနှံများ လျာထားချက်ပြည့်မီရေး တွေ့ဆုံ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်အတွင်း ဆောင်းသီးနှံ၊ နွေစပါးနှင့် နွေသီးနှံများ လျာထားချက်ပြည့်မီရေးအတွက် ယမန်နေ့ မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒု-ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များသည် မဒေါ့ပင်ကျေးရွာအုပ်စု၊ မဒေါ့ပင်ကျေးရွာရှိ တောင်သူအသိပညာပေးစင်တာ(KC)တွင် တောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းအမှာစကားပြောကြားခဲ့သည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး၊ညောင်လွန့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ခေါင်းစဉ်အလိုက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပရိယတ္တိသာသနာ့ဟိတအသင်း(မန္တလေး)သို့ စာအောင်ဆုပဒေသာပင်စိုက်ထူ




**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ၈၅လမ်းရှိ ပရိယတ္တိသာသနာ့ဟိတအသင်းသို့ စာအောင်ဆုပဒေသာပင်နှင့် သာမဏေနှုတ်ထောက် ဆွမ်းပဒေသာပင်အတွက် ငွေလှူဒါန်းပွဲကို အဆိုပါအသင်း ဓမ္မဗိမာန်အလယ်ထပ် အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။ အခမ်းအနားတွင် ပရိယတ္တိသာသနာ့ဟိတအသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အမှုဆောင်များ တက်ရောက်သည်။

အခမ်းအနားတွင် အမရပူရမြို့နယ်၊ စက်ကွေ့ရပ်နေ အသင်းအမှုဆောင် သုဓမ္မမဏိဇောတရေ ဒေါက်တာကျော်သက်နိုင်(ရွှေမြန်မာထောပတ်)မိသားစုက နှစ်စဉ် နယုန်လ စာလျှောက်မေးခန်း သီးခြားစာချတန်းတွင် အောင်စဉ်(၁)ဖြင့် အောင်မြင်တော်မူသည့် အဘိဝံသဘွဲ့ရသော ရဟန်းတော်အား နှစ်စဉ်ပူဇော်နိုင်ရန် ငွေပဒေသာပင် ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ပရိယတ္တိသာသနာ့ဟိတအသင်း(မန္တလေး)မှ ကြီးမှူး၍ (၇၄)ကြိမ်မြောက် သာသနာလင်္ကာရသာမဏေကျော် စာလျှောက်မေးခန်း ပထမအဆင့်(အထက်မြန်မာပြည်)ကို ဒီဇင်ဘာ ၁၆ ရက်မှ စတင်၍ ၂၃ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နှုတ်ထောက်အာဂုံဖြေဆိုမည့် သာမဏေများအား ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၀၄၅)

## မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ဆွေးနွေး၊ ငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု ကျောင်းသား၊ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၄ရက် ညနေ ၄ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ I.S.O ဆေးဆိုင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အကြံပြု ဆွေးနွေးတင်ပြကြသည်။

(၁၁)ကြိမ်မြောက် သတ္တဗေဒမိသားစု အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် (စနေနေ့)နံနက် ၈နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ်၊၈၄လမ်းနှင့် ၄၅လမ်းထောင့်ရှိ သာသနာ(၂၅၀၀)ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့သွားမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်းအပါအဝင် ဆရာတော်ကြီး ငါးပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်းကပ် အန္တရာယ်ကင်းပရိတ်တရားနာယူမည်ဖြစ်သည်။



အာစရိယပူဇော်ပွဲတွင် ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် တက်ရောက်လာသူများအား ဒံပေါက်၊ ပဲထမင်းဧည့်ခံကျွေးမွေးရန် ဦးစိုးမိုးနောင်+ ဒေါ်အေးအေးသင်း မိသားစုက ငွေကျပ် ၁၀သိန်း၊ သတ္တဗေဒဂုဏ်ထူးဆောင်စွမ်းဆောင်ရည်ဆုချီးမြှင့်ရန် ချမ်းအေးသာစံမြို့နယ်၊အမှတ်(၁၆)အထက ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်စိုးက ငွေကျပ် နှစ်သိန်းတို့ကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

## မင်းကွန်းဘိုးဘွားရိပ်သာသို့ အလှူငွေ လှူဒါန်း

**စစ်ကိုင်း ဒီဇင်ဘာ ၇**

မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား အာဟာရကုသိုလ် နှစ်ရက်စာအတွက် စစ်ကိုင်းမြို့နေ ကွယ်လွန်သူ ကျေးဇူးရှင် နှစ်ဖက်မိဘများဖြစ်ကြသော ဦးအောင်ကြီး၊ ဒေါ်စန်းရင်၊ ဦးမောင်မောင်ကြီး + ဒေါ်စိန်ထင်တို့အားရည်စူး၍ ဦးမြင့်သန်းအောင် + ဒေါ်မြင့်မြင့်သိန်း မိသားစုတို့က ငွေကျပ်သုံးသိန်း၊ ဆွမ်းပဒေသာပင် ငွေကျပ်ငါးသိန်းအား ယမန်နေ့က လှူဒါန်းရာ မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဦးချစ်ထွန်း(လူမှုထူးချွန်ပထမအဆင့်)မှ လက်ခံ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ မင်းကွန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းလိုပါက ၃၁လမ်း၊ ၈၃လမ်းနှင့် ၈၄ လမ်းကြား ဖုန်း ၀၉-၇၇၈၃၁၀၀၂၅ နှင့် ၀၂-၄၀၆၀၅၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)





## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ၁၄ လမ်းနေ ဦးနေအောင်ကျော်+ ဒေါ်အိသူဇာနိုင်၊ (သမီး)မရွှန်းသီရိအိမ်၊ မအိအိအောင်ဟိန်း မိသားစုမှ ဆေးပဒေသာပင်ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)(ကဆ)

# သတိပြုဖွယ် သတင်းနယ်ပယ် (၃)

နိုင်ဗလ

ခေတ်၊ စနစ်တို့မည်သည် အမြဲတစေပြောင်းလဲနေသည်သာ ဖြစ်သည်။ တစ်နေ့တစ်ခြား တိုးတက်လာသည်လည်း ရှိသည်။ ဆုတ်ယုတ်လာသည်လည်းရှိသည်။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ဟန်ချက်ညီအောင်နေနိုင်မှသာ အဆင်ပြေသော ခေတ်ကြီးဖြစ်သည်။ ယနေ့ခေတ်၏ သတင်းစီးဆင်းမှုမှာ လိုက်မမီနိုင်အောင်ပင် မြန်ဆန်လှသည်ကိုတွေ့ရသည်။ အင်တာနက်နှင့် တယ်လီဖုန်းနည်းပညာတိုးတက်မှုသည် သတင်းစီးဆင်းမှုမြန်ဆန်ခြင်းကို အထွတ်အထိပ်သို့ ဆွဲတင်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုကဲ့သို့ **သတင်းစီးဆင်းမှုမြန်ဆန်သည့်အတွက် သတင်းယောင်ဆောင်ထားသော ဝါဒဖြန့်မှု၊ သတင်းတု၊ သတင်းယောင်များလည်း ထိုးဖောက်ပျံ့နှံ့လွယ်လာသည်ကို သတိပြုရမည် ဖြစ်ပေသည်။** ဆိုက်ဝါးသတင်းများလှသည်ကိုတွေ့ရမည် ဖြစ်သည်။ ထိုသို့ တစ်ဖက်က Online Media တိုးတက်လာသဖြင့် တစ်ဖက်က Print Media (ခေါ်) သတင်းစာဂျာနယ်များလည်း ခေတ်နှင့်အမီလိုက်၍ သတင်းများကို လျင်မြန်စွာထုတ်ပြန်ပေးနိုင်ဖို့ လိုအပ်လာသည်။ Online Media သည် မှားသောသတင်း၊ မှန်သောသတင်း၊ ဆိုက်ဝါးသတင်းများကိုရောပြွမ်း၍ သူ့ထက်သူဦးအောင် အလွတ်တမဲ့ ထုတ်တတ်ကြသော်လည်း ပုံနှိပ်သတင်းစာ(Print Media) ဂျာနယ်တို့တွင်မူ သတင်းမှန်ကန်မှုနှင့် ဆီလျော်မှု၊ ထုတ်ပြန်ရန်သင့်တော်သောသတင်းနှင့် မထုတ်ပြန်သင့်သောသတင်း စသည်ဖြင့် စိစစ်၊ ဝေဖန်၊ တည်းဖြတ်ပြီးမှ ထုတ်ဝေကြခြင်း ဖြစ်သည်။

မည်မျှပင်တိုးတက်လာသည်ဖြစ်စေ သတင်းစာ၊ ဂျာနယ်တို့ လိုက်နာသင့်၊ လိုက်နာအပ်သောအချက်ရှိသည်။ ထိုအချက်မှာ ရေးသားတင်ပြပုံဟူသည့်အချက် ဖြစ်သည်။ စာ စဖတ်တတ်သော ကလေးမှ စ၍ ပါမောက္ခကြီးများအထိ ဖတ်နိုင်၊ နားလည်နိုင်သော ဝေါဟာရဝါကျဖွဲ့ပုံဖြင့် ရေးသားတင်ပြရမည့်တာဝန် ရှိသည်။ ယနေ့ခေတ်သတင်းစာ၊ ဂျာနယ်များတွင် သတင်းများ၊ ဆောင်းပါးများတွင် အင်္ဂလိပ်လိုတစ်ဝက်၊ မြန်မာလိုတစ်ဝက် ရေးသားထားကြသည်ကို တွေ့ရသည်။ ဂျာနယ်များတွင် အဆိုးဆုံးဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော အာဖရိကမှ မင်းသမီးလေး ဘယ်သူဆိုသည့်နေရာကို အင်္ဂလိပ်လိုရေးသားထားသည်။ အတွင်းသတင်းတွင်လည်း ရော်လ်ပင်ထွက်သည့်အခါ ဝတ်ဆင်တတ်သော ဖက်ရှင်ဘာညာဖြင့် အင်္ဂလိပ်လိုအပြင် ဘန်းစကားများလည်းပါဝင်နေသော အရေးအသားများကို တွေ့ရသည်။ အင်္ဂလိပ်စာမဖတ်တတ်သော စာဖတ်သူများဖတ်က ဓာတ်ပုံကိုကြည့်သတင်းကိုဖတ်၍ ရန်ကုန်ကို ဘယ်ကလာတဲ့ဘယ်သူမှန်းမသိသူက လည်ပတ်ပြီး ဘာတွေလုပ်သွားမှန်းမသိဟူ၍သာ နားလည်သွားမည် ဖြစ်သည်။ အထူးသဖြင့် မြန်မာစာပေ၏ နောက်ဆုံးခံတပ်သတင်းစာများက သတိပြုဆင်ခြင်ရမည် ဖြစ်သည်။

ထိုသတိပြုဆင်ခြင်ရမည့်အချက်ကိုသိသာ၊ မြင်သာစေရန်အတွက် တစ်ချိန်ကဖတ်မိသော ဂျာနယ်တစ်စောင်ကို သတိရမိသည်။ ထိုဂျာနယ်မှာ 24/7 Journal ဖြစ်သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်ကထွက်သော ဂျာနယ်တွင် ဖြစ်သည်။ စာရေးသူမှာ ဖိုးဉာဏ်ဖြစ်သည်။ ဆရာဖိုးဉာဏ်သည် ၁၉၅၅ ခုနှစ်က စာပဒေသာမဂ္ဂဇင်း၌ လက်ထောက်အယ်ဒီတာ၊ ၁၉၅၅ မှ ၁၉၅၈ အထိ စီးပွားရေးသတင်းစာတွင် အယ်ဒီတာ၊ ၁၉၅၉ မှ ၁၉၆၀ အထိ ခေတ်သစ္စာသတင်းစာတွင် အယ်ဒီတာ၊ ၁၉၆၀ မှ ၁၉၆၃အထိ အထောက်တော်သတင်းစာတွင် အယ်ဒီတာနှင့် အခြား ဂျာနယ်နှင့် အင်္ဂလိပ်သတင်းစာတို့တွင်လည်း လုပ်ကိုင်ခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ လုပ်သားပြည်သူ့နေ့စဉ်တွင် အယ်ဒီတာ၊ ၁၉၉၅ တွင် လယ်ယာသတင်းစာ အယ်ဒီတာချုပ် လုပ်ခဲ့သည်။

> 'ဟာ ------ မဟုတ်တာ ဘကြီးကလည်း၊ စာနယ်ဇင်းတွေဖတ်ဖို့ ဘာကျူရှင်တက်ဖို့လိုလို့လဲ၊ မြန်မာလိုရေးထားကြတာ ဟာကို။ အဲ့ဒါခက်တာပေါ့ မောင်ဖိုးဉာဏ်ရဲ့ မြန်မာစာတတ်ရုံနဲ့ စာနယ်ဇင်းတွေဖတ်ဖို့ မလွယ်ဘူး၊ သတင်းတွေ ဆောင်းပါးတွေမှာ ဘိုလိုတစ်ဝက် ဗမာလိုတစ်ဝက် ရေးထားတာကွ။'

လယ်ယာတွင်မလုပ်ခင်က ၁၉၈၉ ခုနှစ်တွင် လုပ်သားပြည်သူ့နေ့စဉ်မှ အငြိမ်းစားယူခဲ့သူဖြစ်သည်။ နောက်ပိုင်း ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဆောင်းပါးများရေးသားရင်း ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သော သတင်းစာဆရာကြီး ဖြစ်သည်။

ထို 24/7 Journal (၄-၁၂-၂၀၀၅)တွင် ဆရာဖိုးဉာဏ်က ဝတ္ထုတိုအသွင်ဖြင့် 'စာနယ်ဇင်းတွေဖတ်ဖို့ ကျူရှင်တက်ထားရတာတဲ့' ဟူသော ခေါင်းစဉ်ဖြင့်ရေးသားခဲ့သည်။ ဝတ္ထုတိုတွင် ဆရာဖိုးဉာဏ်တို့ဇနီးမောင်နှံ ဆရာတို့၏ဘကြီးထံ အလည်သွားစဉ် ကြုံတွေ့ခဲ့ရသည်ကို ရေးပြထားသည်။ ဆရာဖိုးဉာဏ်တို့ ရောက်ကတည်းက ဘကြီး၊ အရီးလေးတို့နှင့် အပြန်အလှန်ပြောဆိုကြသောစကားများတွင် ဘကြီးနှင့် အရီးလေးတို့ ပြောစကားများသည် အင်္ဂလိပ်လိုတစ်ဝက် မြန်မာလိုတစ်ဝက်ဖြင့်ပြော၍ ကသိကအောင့်ဖြစ်ရပုံ ရေးသားထားသည်။ အဆုံးသတ်ကိုမူ မူရင်းအတိုင်း တင်ပြပေးမည် ဖြစ်သည်။ သို့မှသာဆို လိုရင်းပေါ်လွင်မည် ဖြစ်သည်။

'ကဖိုးဉာဏ်၊ ဘကြီးတို့ အရီးလေးတို့ဟာ ဘာဖြစ်နေတာလဲတော့ သူတို့တော့တာက၊ အဲအဲ···စကားတွေက ဘိုလိုတစ်ဝက် ဗမာလိုတစ်ဝက်နဲ့'

'အေးကွ ဘာတွေ ဘယ်လိုဖြစ်ပြီး သူငယ်ပြန်နေကြသလဲ မသိဘူး'

'အံ့မယ်မင်းတို့က ငါတို့အတင်းပြောနေတာကိုး၊ ငါတို့က မင်းတို့ခေတ်နဲ့ အမီလိုက်နိုင်အောင် ကျူရှင်တက်ထားရတာကွ'

'ဗျာ··ကျူရှင်ဟုတ်လား၊ ဒီအရွယ်ကြီးကျမှ ဘာစာမေးပွဲတွေ ဖြေဦးမလို့လဲ'

'တယ်ခက်ပါလား မောင်ဖိုးဉာဏ်ရဲ့ စာမေးပွဲဖြေဖို့ မဟုတ်ဘူးကွ၊ စာနယ်ဇင်းတွေဖတ်ဖို့'

'ဗျာ··စာနယ်ဇင်းတွေဖတ်ဖို့ဟုတ်လား'

'ဟုတ်သပေါ့ မောင်ရာ'

'ဟာ··မဟုတ်တာ ဘကြီးကလည်း၊ စာနယ်ဇင်းတွေဖတ်ဖို့ ဘာ ကျူရှင်တက်ဖို့လိုလို့လဲ၊ မြန်မာလိုရေးထားကြတာ ဟာကို'

'အဲ့ဒါခက်တာပေါ့ မောင်ဖိုးဉာဏ်ရဲ့ မြန်မာစာတတ်ရုံနဲ့ စာနယ်ဇင်းတွေဖတ်ဖို့မလွယ်ဘူး၊ သတင်းတွေ၊ ဆောင်းပါးတွေမှာ ဘိုလိုတစ်ဝက် ဗမာလိုတစ်ဝက်ရေးထားတာကွ၊ ဘယ်နိုင်ငံကဝန်ကြီးသမ္မတ စတာတွေနဲ့အမည်ကို မြန်မာလိုမရေးဘဲ ဘိုလိုရေးထားတော့ ကျူရှင်မယူထားရင် ဘယ်သူဘယ်ဝါမှန်း ဘယ်လိုလုပ်သိမလဲ၊ ဒါကြောင့် စာနယ်ဇင်းတွေဖတ်ချင်တော့ ငါရော မင်းအရီးလေးပါ ကျူရှင်တက်ထားရတာကွ၊ ဒီလိုတက်ထားရလို့ တို့အခုစကားပြောရာမှာ စာနယ်ဇင်းအရေးအသားမျိုး ပြောနိုင်တာပေါ့ကွ၊ မဟုတ်ဘူးလား'တဲ့ လွန်စွာသတိပြုသင့်သောအချက်ကို ထောက်ပြသွားခြင်း ဖြစ်ပေသည်။ စာနယ်ဇင်းသမားတိုင်း သတိပြုရမည် ဖြစ်သည်။

အနောက်နိုင်ငံများတွင် သတင်းစာမရှိခင်ကတည်းက တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော်က သစ်သားစာလုံးများနှင့် ပုံနှိပ်ထားသော ပြန်တမ်းတစ်စောင် ထုတ်ဝေခဲ့ဖူးသည်။ သတင်းစာအစ တရုတ်နိုင်ငံကဟုပင် ဆိုရမည်ဖြစ်သည်။ ရောမအင်ပါယာခေတ်တွင် အဝေးရောက်စစ်ဘုရင်ခံချုပ်များထံ အစိုးရကလက်နှင့်ရေးပြီး သတင်းလွှာဖြန့်ဝေခဲ့သည်။ ၁၅၇၀ ခန့်က အီတလီနိုင်ငံ ဗင်းနစ်မြို့ကထုတ်သောသတင်းလွှာကို တစ်စောင်လျှင်တစ် 'ဂေဇက်တာ'(တစ်ပြား) ဖြင့် ရောင်းခဲ့သည်။ ထိုကြောင့် ထိုသတင်းလွှာကို 'ဂေဇက်'ဟု ခေါ်ခြင်း ဖြစ်သည်။ ၁၇၇၀ ပြည့်လွန်နှစ်များတွင် စကော့တလန်၌ ကော်ဖီဆိုင်ပျော်ပွဲစားရုံများတွင် ဆုံမိကြသောအခါ ကြားသိထားကြသော ရပ်ရေး၊ ရွာရေး စိတ်ဝင်စားဖွယ်ရာအကြောင်းအရာများကိုပြောကြရင် ထိုပြောကြားချက်များကို သတင်းလွှာထုတ်ပြီး ရောင်းရာမှ သတင်းလွှာတွင်ကျယ်ခဲ့သည်ဟု ဆိုသည်။

စာနယ်ဇင်းများတွင် ကြော်ငြာကဏ္ဍကလည်း မပါမဖြစ်၊ ကြော်ငြာထဲက သတင်းရတတ်သလို သတင်းထဲတွင်လည်း ကြော်ငြာများပါနေသည်ကို သတင်းပညာလေ့လာဖူးသူတိုင်း သိကြသည်။ သတင်းစာများ စတင်ပေါ်ပေါက်ခဲ့ပြီးစအချိန်တွင် သတင်းစာ၌ ကြော်ငြာများ မပါဝင်သေးပေ။ အမေရိကန်ပြည်ထောင်စု၊ ဗော့စတွန်မြို့မှ စာတိုက်ဗိုလ်ဂျွန်ကင်းဗဲ ၁၇၀၄ ခုနှစ်က စတင်ထုတ်ဝေသော သတင်းလွှာတွင်ကြော်ငြာကို စတင်ဖော်ပြသည်ဟု ကြားဖူးသည်။ စာနယ်ဇင်းများကို ကြော်ငြာများက များစွာထောက်ပံ့သည်။ **ပုဂ္ဂလိကသတင်းစာဂျာနယ်များသည် ကြော်ငြာမှ အကျိုးအမြတ်ကိုတည်မှီ၍ လုပ်ကိုင်ရသဖြင့် ကြော်ငြာမရလျှင် သတင်းစာ၊ ဂျာနယ်များ ရပ်ဆိုင်းသွားလေ့ရှိသည်။ နိုင်ငံပိုင်သတင်းစာများတွင်မူ အစိုးရ၏ ပြည်သူလူထုအပေါ် အသိပေးလိုသည့် သတင်းများ၊ အစိုးရမူဝါဒများ၊ ပြန်တမ်းများ၊ ကြော်ငြာချက်များကို ထုတ်ပြန်သိရှိစေလိုသောကြောင့် ထုတ်ဝေခြင်းဖြစ်သဖြင့် ကြော်ငြာကိုအဓိကအားထားရန်မလိုအပ်ပေ။** တချို့က 'ကြော်ငြာဆိုတာ စာနယ်ဇင်း၏အသက်' ဟု ဆိုသည်။ သို့သော် နိုင်ငံပိုင်သတင်းစာများအတွက်မူ ကြော်ငြာသည် အဓိကမဟုတ်၊ အစိတ်အပိုင်းအထောက်အကူတစ်ခုသာ ဖြစ်သည်။ သတင်းစာကို ဝါဒဖြန့်ချိရေးလက်နက်အဖြစ် နိုင်ငံတိုင်းကသုံးစွဲကြ၍ နိုင်ငံပိုင်သတင်းစာများသည် ခိုင်မာသောသတင်းစာဟုဆိုရမည် ဖြစ်သည်။ အကျိုးအမြတ်ရသည်ဖြစ်စေ မရသည်ဖြစ်စေ နိုင်ငံပိုင်သတင်းစာများသည် ပုံမှန်ထုတ်ဝေနေသည်။ ကြော်ငြာရှင်များကလည်း ပုံမှန်ထည့်သွင်းကြသည်သာ ဖြစ်သည်။ နိုင်ငံပိုင်သတင်းစာတို့သည် စီးပွားရေးအတွက်ဦးတည်၍ ထုတ်ဝေခြင်းမဟုတ်သောကြောင့် ဖြစ်သည်။ စီးပွားရေးကိုဦးတည်ထုတ်ဝေသော သတင်းစာများသည် ကြော်ငြာများများရအောင် လုပ်ဆောင်ကြရသည်။ ကြော်ငြာများများရရန်အတွက် သတင်းများကိုလည်း ပရိသတ်များများဖတ်၍ စောင်ရေတိုးအောင် လုပ်ဆောင်ကြရသည်။ ထို့ကြောင့် လူစိတ်ဝင်စားမည့်သတင်းများကို အထူးရှာကြံရေးသားကြသည်။ အရင်းရှင်သတင်းစာ၊ စီးပွားရေးသတင်းစာများသည် ဆွဲဆောင်သောသတင်းများကို ပုံစံအမျိုးမျိုး ထည့်သွင်းဖော်ပြလေ့ရှိသည်။ အရင်းရှင်စီးပွားရေးသတင်းစာများက 'လူကို ခွေးကကိုက်ခြင်းသည် သတင်းမဟုတ်၊ ခွေးကလူကို ကိုက်ခြင်းသည် သတင်းဖြစ်သည်' ဟု ဆိုကြသည်။ ပုံမှန်မဟုတ်သော လူစိတ်ဝင်စားသောသတင်းကိုဆိုလိုခြင်း ဖြစ်သည်။ ခွေးကို လူကကိုက်စရာအကြောင်း မရှိပေ။ ပုံမှန်မဟုတ်သော ဦးနှောက်၊ ပုံမှန်မဟုတ်သောအချက်ကြောင့် ဖြစ်မည်။ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း လူထုကို အကျိုးပြုသော သတင်းမဟုတ်၊ လူထုကိုမြှူဆွယ်သောသတင်းမျိုး ဖြစ်သည်။ **ထိုသို့မြှူဆွယ်၍ စိတ်ဝင်စားဖွယ်သတင်းဖြင့် စီးပွားရှာသောသတင်းစာမျိုးကို 'အဝါရောင်သတင်းစာ'ဟု ခေါ်ဆိုကြသည်။** နိုင်ငံပိုင်သတင်းစာများက လူစိတ်ဝင်စားသော်လည်း ပေါ့ပြက်သောသတင်းများကို သိပ်မသုံး၊ အတည်၊ အခန့်သတင်းများကိုသာ သုံးလေ့ရှိသည်။

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ဝိုင်း ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာရေးဆရာ ပီမိုးနင်း ရေးသားသည့် "အောင်စိတ်"စာအုပ်ဖြင့် စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မိုးကြိုးပစ်အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မိုးကြိုးပစ်အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသီ ထက်နွေကျော်က အဖွင့်အမှာ စကားပြောကြားပြီး ပြင်ဦးလွင် ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးနှင့် ကျောင်းသား၊ ကျောင်းသူ များ စာဖတ်သည့်အလေ့အထ များ၊ အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် နှလုံးသားလှပ သောလူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်း ကျင်းပ ရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။



ဆက်လက်၍ စာရေးဆရာ ပီမိုးနင်း ရေးသားသည့် "အောင် စိတ်" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေး နွေးပွဲကို ကျင်းပရာ အ·ထ·က (မိုးကြိုးပစ်)ကျောင်း Grade-11 မှ မောင်အောင်မြတ်သူ၊ Grade 9 မှ မနှင်းယမုံဆွေနှင့် မလှဲ့ ယဉ်ထွန်းတို့က ဖတ်ရှုထားသည့် ခေါင်းစဉ်များအလိုက် ဆွေးနွေး ခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့် တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းက ဖြည့်စွက်ဆွေးနွေးပေးခဲ့ပြီး တက် ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း မိမိတို့ ၏ အမြင်များကို ချစ်ခင်ရင်းနှီး စွာ အပြန်အလှန် ဆွေးနွေးခဲ့ကြ သည်။

ထို့နောက် စာဖတ်ဝိုင်းတွင် ဆွေးနွေးပေးခဲ့ကြသည့် ကျောင်း သား၊ ကျောင်းသူများအား စာရေး ဆရာက အမှတ်တရလက်ဆောင် စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲ သို့ ကျောင်းသား၊ ကျောင်းသူ များ စုစုပေါင်း ၄၅ ဦးခန့် တက် ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀




## အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၇**

ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက် စေရန် ဒီဇင်ဘာ ၅ ရက် နံနက် ပိုင်းက အစိုးရနည်းပညာအထက် တန်းကျောင်း(ကျောက်ဆည်) ဘက်စုံသုံးခန်းမတွင် လူငယ် စကားဝိုင်း ကျင်းပသည်။

ရှေးဦးစွာ အစိုးရနည်းပညာ အထက်တန်းကျောင်း(ကျောက် ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းက လူငယ်များ၏စဉ်းစားတွေးခေါ်မှု စွမ်းရည်များမြင့်မားပြီး တိုးတက် အောင်မြင်သောသူများ ဖြစ်စေရေး စာပေလေ့လာဖတ်ရှုကြရန် အမှာ စကားပြောကြားခဲ့ပြီး ကျောက် ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည် သူ့ဆက်ဆံရေးဦးစီးဌာနမှ လက် ထောက်ညွှန်ကြားရေးမှူး ဒေါ်တင် တင်ထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားခဲ့ သည်။

ဆက်လက်ပြီး လက်ထောက် ညွှန်ကြားရေးမှူးက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက် ကျင်းပခဲ့ရာ အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ကျောင်း သူများဖြစ်ကြသော မအေးချမ်းဖြိုး က "အခြေခံစဉ်းစားတွေးခေါ်မှု"၊ မနန္ဒာအောင်က "ပွင့်လင်းမြင် သာမှု"၊ မချမ်းမြေ့ခိုင်က အဂတိ လိုက်စားမှုကို ဆန့်ကျင်ခြင်း"၊ မကြယ်စင်ထွန်းက "နိုင်ငံ့သား ကောင်းဖြစ်ခြင်းနှင့် အဖွဲ့အစည်း အပေါ် တာဝန်ယူမှုရှိခြင်း" ခေါင်းစဉ်များဖြင့် အသီးသီးဆွေး နွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်း သား၊ ကျောင်းသူများက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေး ခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လူငယ်စကား ဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ကလေး အလုပ်သမားပပျောက်ရေး အသိ ပညာပေး လက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့ပြီး သုတ၊ ရသစာစောင်များ၊ ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းအန္တရာယ်၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ပြသပေး ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(တင်တင်ထွေး)**

## သဘာဝဘေးရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်တိရစ္ဆာန်များ ပြန်လည်ထောက်ပံ့ခြင်း ဆက်လက်ဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် သဘာဝဘေး ရေကြီးနစ်မြုပ်ပြီး ပျက်စီးဆုံးရှုံး ခဲ့သည့်တိရစ္ဆာန် (နွား၊ ဆိတ်၊ ဝက်)များ ပြန်လည်ထောက်ပံ့ပေး ခြင်းကို ဆက်လက်ဆောင်ရွက် လျက်ရှိရာ ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းက မောင်းမဆည် ကျေးရွာတွင် ထောက်ပံ့ပေးအပ် ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာစကား ပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ထွန်းက ထောက်ပံ့ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်း လင်းသည်။ ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် တိရစ္ဆာန်ထောက်ပံ့ ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ကျေးရွာအဆင့် တိရစ္ဆာန်ထောက်ပံ့ ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ ဝင်များက တိရစ္ဆာန်များ ပျက်စီး ဆုံးရှုံးခဲ့သည့် ကျေးရွာပြည်သူ များထံ နွားနှင့် ဆိတ်များကို လက်ဝယ်အရောက်ထောက်ပံ့ပေး ခဲ့သည်။ ထို့နောက် ကျေးရွာ ပြည်သူများကိုယ်စား လက်ခံရယူ သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါထောက်ပံ့ ပေးအပ်ပွဲသို့ ခရိုင်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော် နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မွေးမြူ ရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်း များနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့သည်။



သာစည်မြို့နယ်၌ သဘာဝ ဘေး ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု (၈)အုပ်စုရှိ ကျေးရွာ (၁၄)ရွာတို့မှ ပိုင်ရှင် ၁၅၇ ဦးတို့၏ နွားကောင်ရေ ၄၄၆ ကောင်၊ ပိုင်ရှင် ၃၉ ဦးတို့ ၏ သိုး၊ ဆိတ် ၁၄၀၆ ကောင် နှင့် ပိုင်ရှင် ၃၃ ဦးတို့၏ဝက် ၅၁ ကောင်တို့ ပျက်စီးဆုံးရှုံးခဲ့ ကြောင်းသိရပြီး အဆိုပါပျက်စီး ဆုံးရှုံးခဲ့မှုများအား ပြည်သူများ လက်ဝယ်အရောက် ပြန်လည် ထောက်ပံ့ပေးအပ်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်အထိ ပိုင်ရှင် ၃၃ ဦး၏ ဝက် ၅၁ ကောင်၊ ပိုင်ရှင် ၃၁ ဦး၏ ဆိတ် ၁၂၀၆ ကောင်၊ ပိုင်ရှင် ၅၁ ဦး၏ နွား ကောင်ရေ ၁၁၄ ကောင်တို့ကို ထောက်ပံ့ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ကျေးရွာများမှ ပျက်စီးမှုများ အားအမြန်ဆုံးရရှိရေး ဆက်လက် ထောက်ပံ့ပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန တာဝန်ခံမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မိုးကျော်ထံက သိရသည်။

(ဝဲပုံ)

(၄၈၇)

## မောက်မယ်မြို့နယ်၌ ဧည့်မထမိုးစပါးစံကွက်ရိတ်သိမ်း

**မောက်မယ် ဒီဇင်ဘာ ၇**

ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက် တိုးစေရန်နှင့် မိုးစပါးစိုက်ပျိုးမှု အတွက် ဘက်စုံအဆင့်မြင့်နည်း ပညာသုံး ပေါင်းပျိုးစနစ်ပျိုးထောင် မှုကို သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများရရှိစေ ရန်ရည်ရွယ်၍ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ မြို့မအုပ်စု၊ ကွင်းအမှတ်(၂၀)၊ ဦးပိုင်အမှတ် (၃/က)တောင်သူ ဦးဥတ္တမ၏ လယ်မြေ၌ ဘက်စုံအဆင့်မြင့် နည်းပညာသုံးပေါင်းပျိုးစနစ်ပျိုး ထောင်ပြီး ဧည့်မထမိုးစပါးစံကွက် ရိတ်သိမ်းခြင်းကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပ ခဲ့သည်။

အဆိုပါ ဧည့်မထမိုးစပါး စံကွက်ရိတ်သိမ်းခဲ့ရာတွင် တစ် ဧကလျှင် စပါးအစို ၆၀ တင်းနှုန်း ထွက်ရှိပြီး မျှော်မှန်းအထွက်နှုန်း ပြည့်မီကြောင်း သိရသည်။ ရှမ်း ပြည်နယ်(တောင်ပိုင်း)၊ မောက် မယ်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ဧက ၂၄၃၅ ရှိပြီး ဧည့်မထနှင့်ဆင်းဧကရီ- ၃ မျိုးစပါးကို ၂၃၄၅ ဧက အဓိကထား စိုက်ပျိုးလျက်ရှိ ကြောင်း ယခုနှစ်တွင် ဧည့်မထ စပါးစိုက်တောင်သူများ သတ်မှတ် မိုးစပါး ပန်းတိုင်မျှော်မှန်း အထွက် နှုန်းပြည့်မီကြောင်းနှင့် သိပ္ပံ နည်းကျစိုက်နည်းစနစ် အလေ့ အကျင့်ကောင်းများ လိုက်နာ ကျင့်သုံးနိုင်ရေးနှင့် ဘက်စုံအဆင့် မြင့်နည်းပညာသုံး ပေါင်းပျိုးစနစ် ပျိုးထောင်ပြီး စနစ်များအား မိုးစပါးစိုက်ပျိုးမှုအတွက် ဧည့်မထ ၃ ဒသမ ၅၀ ဧကကို လက် တွေ့သရုပ်ပြစိုက်ပျိုးထားသည့် မိုးစပါး စိုက်ပျိုးဖြစ်ထွန်းအောင်မြင် လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



သစ်တောသစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး ။

# စာဆိုဂုဏ်ရည်

**(ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲပထမဆုရဆောင်းပါး)**

**၅-၁၂-၂၀၂၄ရက် စာမျက်နှာ (၁၇)မှအဆက်**

ပဒေသရာဇ်ခေတ်တွင် ဘုရင်၏ အမျက်ဒဏ်သင့်၍ နယ်နှင်ဒဏ်အပေးခံရသော လက်ဝဲသုန္ဒရ အမတ်ကြီးသည် မဲဇာတောင်ခြေ ကဗျာလင်္ကာဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ ဘုရင်၏အမျက်ဒဏ်ကြောင့် ရာဇဝတ်သားအဖြစ် ပြစ်ဒဏ်ကျခံနေရသော မြဝတီမင်းကြီး ဦးစသည်လည်း ကဗျာလင်္ကာဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရခဲ့သည်။ အနန္တသူရိယအမတ်ကြီးမှာမူ သူသတ်ကုန်း၌ မသေမီ ရေးသားခဲ့သော ကဗျာလင်္ကာကြောင့် ဘုရင်က သေဒဏ်မှ ခွင့်လွှတ်ခဲ့သော်လည်း နောက်ကျခဲ့၍ အသက်ဆုံးရှုံးခဲ့ရသည်။

ထိုသို့ခေတ် အဆက်ဆက် စာဆိုတော်များသည် နိုင်ငံအတွက် အရေးပါသော အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်နေသောကြောင့် စာဆိုတော်ကြီးများအား အလေးအမြတ်ထားဂါဝရပြု၍ စာဆိုတော်နေ့ဟူ၍ ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

စာဆိုတော်နေ့ဖြစ်ပေါ်လာရခြင်းမှာ တစ်နေ့တွင် ဆရာတက်တိုးက အင်္ဂလိပ်လူမျိုးများသည် စာပေ ယဉ်ကျေးမှုကို အမြတ်တနိုးတန်ဖိုးထားပုံနှင့် ထင်ရှားသော စာရေးဆရာကြီး ရှိတ်စပီးယားကို ဂုဏ်ပြုသော ရှိတ်စပီးယားပွဲတော်နေ့ကို နှစ်စဉ် ရှိတ်စပီးယား၏ မွေးနေ့ဟူ၍ သတ်မှတ်ထားသော ဧပြီ ၂၃ ရက်တွင် ကျင်းပပုံများကို ပြောဆိုကြရာမှ မိတ်ဆွေဖြစ်သူ ဦးယုဆိုင်က "သူတို့က ရှိတ်စပီးယားပွဲတော်နေ့ လုပ်ကြသလို ကျွန်တော်တို့ကလည်း ဦးပုညနေ့ပွဲတော် လုပ်ကြတာပေါ့ဗျာ" ဟူ၍ စတင်အကြံပြုခဲ့ရာမှ ဦးအုန်းဖေ(ဆရာတက်တိုး)နှင့် အမြတ်ခွန်မင်းကြီး ဦးယုဆိုင်တို့၏ ဆက်လက်ကြိုးပမ်းမှုဖြင့် ဦးပုညနေ့ပွဲတော်ကျင်းပရန် အားလုံးသဘောတူ ဆုံးဖြတ်ကြလေသည်။

ထို့နောက် ဆရာကြီးစလေဦးပုည၏ မွေးနေ့ဖြစ်သော ကဆုန်လဆန်း ၁၃ ရက်ကို ဦးပုညနေ့အဖြစ် သတ်မှတ်၍ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပရန် မြန်မာ့အလင်းသတင်းစာတွင် ကြေငြာချက်များထည့်ကာ လှုံ့ဆော်ခဲ့ကြသည်။ ထိုနှစ် ၁၃၀၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်(၁၉၄၄ ခုနှစ်၊ မေလ၊ ၄ ရက်)တွင် ပထမဆုံး ဦးပုညနေ့ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ပထမဆုံးစာဆိုတော်နေ့တွင် စာဆိုတော် အထိမ်းအမှတ်အဖြစ် စလေဦးပုည၏ ဝိဇယ ပြဇာတ်ကို စာရေးဆရာများကိုယ်တိုင် သရုပ်ဖော်ကပြခဲ့ရာမှ နှစ်စဉ် စာဆိုတော်နေ့များတွင် စာရေးဆရာကြီးတစ်ဦးဦး၏ အတ္ထုပ္ပတ္တိကို ပြဇာတ်ကပြသည့် အလေ့အထစွဲမြဲလာခဲ့သည်။ သက်ကြီးရွယ်အို ဝါရင့်စာရေးဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ခြင်း၊ စာပေပြိုင်ပွဲများ၊ ဟောပြောပွဲများကျင်းပခြင်းတို့ကိုလည်း အနယ်နယ်အရပ်ရပ်တွင် ပြုလုပ်ကြသည်။

ထိုအခါက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံပညာတံခွန်အသင်းနှင့်တကွ ထိုကာလ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဦးပုညနေ့အထိမ်းအမှတ် ကျင်းပရေးကိစ္စကို အရေးယူဆောင်ရွက်သောအားဖြင့် ၁၉၄၄ ခုနှစ်၊ မေလ ၁၂ ရက်တွင် ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာဌာနကြီး၏ ရုံးခန်း၌ လည်း အစည်းအဝေးတစ်ရပ်ခေါ်ယူ ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် ပညာရေး၊ ကျန်းမာရေး၊ စည်ပင်သာယာဌာနကြီးမှ ဦးလှမင်း၊ တက္ကသိုလ်နာယက ဦးဖေမောင်တင်၊ အစိုးရဝါဒဖြန့်ဖြူးရေးဌာနမှ ဦးဘညွန့်၊ ဦးကြီးဖေ(စေတီယင်္ဂဏ) ဦးသန်းတင့်(မြန်မာ့အလင်းစာ)၊ ဦးတင်(ပညာတံခွန်အသင်း)၊ ဦးသိန်းဟန်(စာပေနှင့် စာကြည့်တိုက်ဌာနခွဲ)၊ ဦးကောင်း(ပညာရေးဌာန)၊ ဦးဟိန်း(ဗမာ့ဝန်ထမ်း)၊ ဦးသိန်းမောင်(စာရေးဆရာအသင်း)နှင့် ဦးချစ်မောင်(ဂျာနယ်ကျော်)တို့ တက်ရောက်ခဲ့ကြလေသည်။

ထိုအစည်းအဝေးမှ ဦးပုညနေ့ဟူ၍ စာဆိုတစ်ဦးတည်းကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်ကျင်းပမည့်အစား စာဆိုတော်အားလုံးကို ဂုဏ်ပြုရည်ညွှန်းသော နေ့တစ်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း စာဆိုတော်နေ့ သတ်မှတ်ရေးကိစ္စကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

တစ်ဆက်တည်းပင် သတ်မှတ်သင့်ကြောင်း စာဆိုတော်နေ့ သတ်မှတ်ရေးကိစ္စကို မည်သည့်ကာလအပိုင်းအခြားကို စာဆိုတော်နေ့အဖြစ် သတ်မှတ်သင့်ကြောင်း ဆွေးနွေးကြရာ နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ် သတ်မှတ်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ထိုအခါမှစ၍ စာဆိုတော်နေ့ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်လေသည်။ ထိုအစည်းအဝေးမှပင် ထိုနှစ် ၁၃၆၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်မှစ၍ စာဆိုတော်နေ့အထိမ်းအမှတ်ပွဲကျင်းပရန်၊ ယင်းအထိမ်းအမှတ်ပွဲ ကျင်းပရန်၊ ယင်းအထိမ်းအမှတ်ပွဲအဖြစ် စာပေဟောပြောပွဲများ ကျင်းပရေး ရက်သတ္တပတ်လုံး အကြောင်းအရာအမျိုးမျိုးတို့ အသံလွှင့်ရေးကိစ္စများကို စဉ်းစားဆွေးနွေးကြသည်။ ထိုကိစ္စများကို အသေးစိတ်ဆွေးနွေးရန် သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော နာယကအဖွဲ့နှင့် ဦးဖေမောင်တင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့လေသည်။

ထိုနှစ်တွင် ပထမဆုံးအကြိမ် စာဆိုတော်နေ့အဖြစ် နတ်တော်လဆန်း ၁ ရက် နံနက်ပိုင်းတွင် ကန်တော်ကြီးစောင်းရှိ မြိုင်ပြဇာတ်ရုံ၌ သက်ရှိ စာဆိုတော်ကြီးများကို စာရေးဆရာများမှ လက်အုပ်ချီကန်တော့ကြပြီး ညနေပိုင်းတွင် မြိုင်ပြဇာတ်ရုံ၌ ပဒေသာကပွဲ ကပြဖျော်ဖြေခဲ့သည်။

ထိုပထမဆုံးအကြိမ် စာဆိုတော်နေ့ အထိမ်းအမှတ်ပဒေသာကပွဲတွင် ဦးပုည၏ ဝိဇယပြဇာတ်လာ ဇာတ်ဝင်ခန်းတစ်ခန်းသည်လည်း ကပွဲအစီအစဉ်တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ထိုဇာတ်ဝင်ခန်းကို အခြေပြု၍ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဝိဇယပြဇာတ်ကို ဇာတ်ကြီးအဖြစ် ကပြခဲ့လေသည်။ ထိုစဉ်က ဝိဇယပြဇာတ်ကပြမှုသည် နိုင်ငံရေးအရ ဖက်ဆစ်ဆန့်ကျင်ရေးလှုံ့ဆော်မှုတစ်ရပ်ဖြစ်သည့်အလျောက် အောင်မြင်မှုရခဲ့လေသည်။

နောင်နှစ်များတွင် စာဆိုတော်နေ့အထိမ်းအမှတ်ပွဲများကို မြို့နယ်များ၌ပါ ကျင်းပလာခဲ့သည်။ မြို့နယ်များတွင် သတင်းထောက်များ၊ ကျောင်းဆရာများနှင့် စာရေးဆရာများ၊ လူငယ်အဖွဲ့အစည်းများက ကြီးမှူးကျင်းပလေ့ရှိရာ ယင်းအခမ်းအနားများတွင် စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများ၊ ပဒေသာကပွဲများ ထည့်သွင်းကျင်းပခဲ့ကြသည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ပြဇာတ်ကပြသော အစဉ်အလာသည် ၁၉၈၅ ခုနှစ်တွင် အဆုံးသတ်ခဲ့ပြီး နောက်ပိုင်း၌ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေရေးရာစာတမ်းများ ပြုစုတင်သွင်းဆွေးနွေးခြင်း အစဉ်အလာသည် ပိုမိုကျယ်ပြန့်လာခဲ့သည်။

၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် စာဆိုတော်နေ့အထိမ်းအမှတ်အတွက် စာပေဟောပြောပွဲများသည် မြန်မာနိုင်ငံတစ်လွှား ကျယ်ပြန့်များလာခဲ့သည်။ မြို့နယ်အဆင့် စာပေဟောပြောပွဲများ ရေးသူ၊ ဖတ်သူနှင့် စာဖတ်ပရိသတ်ဘက်မှ လက်ရှိစာပေအခြေအနေကို စာတမ်းပြုစုဖတ်ကြားပွဲများနှင့် စာရေးဆရာများ ပြည်သူ့ဘဝ လေ့လာရေးအစီအစဉ်များကိုပါ ကျင်းပပြုလုပ်လာခဲ့သည်။

နိုင်ငံတော်အစိုးရပိုင်းကမူ ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ်စာဆိုတော်နေ့များတွင် ပြန်ကြားရေးဝန်ကြီးဌာန စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့များနှင့် စာပေဆုနှင်းသဘင်ပွဲကျင်းပကာ ထိုဆုနှင်းသဘင်၌ အမျိုးသားစာပေဆုရသော စာပေပညာရှင်များအား ဆုချီးမြှင့်ပြီး စာပေရေးရာမိန့်ခွန်းများဖြင့် မြွက်ကြားကာ စာပေတိုးတက်ရေးကို ဆောင်ရွက်ခဲ့လေသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ တိုင်းသူပြည်သားတို့သည် မိမိတို့အတွက် အသိဉာဏ်ပညာဗဟုသုတများရစေရန် စာကောင်းပေကောင်းများဖြင့် ရေးသားသွန်သင်ဆုံးမညွှန်ပြနေသော စာဆိုတော်(ခေါ်)စာရေးဆရာကြီးများ ကျေးဇူးဂုဏ်ကိုမမေ့ဘဲ ဂုဏ်ပြုသင့်ပါသည်။ ထို့အတူပင် ကျွန်ုပ်နေထိုင်လျက်ရှိသည့် ပုသိမ်ကြီးမြို့နယ်တွင် စာဆိုတော်နေ့ရောက်တိုင်း ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းမှ ကြီးမှူး၍ ကျောင်းသားလူငယ်များ စာအုပ်စာပေ ချစ်မြတ်နိုးသူများနှင့် စာဖတ်ဝါသနာပါသူများအား စာပေနှင့်ပတ်သက်သည့် ပြိုင်ပွဲများ ပြုလုပ်ပေးကာ စာဆိုတော်နေ့အား လေးစားဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိပါသည်။

**ကျော့ကေခိုင်**

## အောင်ပန်းမြို့တွင် ကုန်စိမ်းပွဲတော်ကို ၁၅ရက် တစ်ကြိမ် ကျင်းပမည်



**အောင်ပန်း ဒီဇင်ဘာ ၇**


တောင်သူများဈေးကွက် ကောင်းရရှိစေဖို့ရည်ရွယ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ အောင်ပန်းမြို့မှာ ကုန်စိမ်းပွဲတော်ကို ဒီဇင်ဘာ ၁၁၊ ၁၂ရက်တွင် ၂ရက်ကြာ ကျင်းပပြုလုပ်သွားမည်ပြီး ၁၅ ရက် တစ်ကြိမ်ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်းမှ စိုက်ပျိုးထွက်ရှိသော ဒေသထွက် ရာသီ၊ ကြက်သွန်နှင့် ဂျင်း(ချင်း) သီးနှံကုန်စည်ပြပွဲကို အောင်ပန်းမြို့မှာကျင်းပသွားမှာဖြစ်ပြီး ပြပွဲကို ကလော၊ အောင်ပန်း၊ ပင်းတယဒေသရှိ တောင်သူများအတွက် အဓိကကျင်းပခြင်းဖြစ်ပြီး တောင်သူတွေအနေဖြင့် အစုအဖွဲ့လိုက် ရောင်းဝယ်တတ်စေရန်၊ ဈေးကွက်ကောင်းတွေ ရရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

အဆိုပါပြပွဲမှာ ဝယ်ယူသူတွေအနေဖြင့် တောင်သူတွေနှင့် တိုက်ရိုက်ချိတ်ဆက်ဝယ်ယူနိုင်မည့်အပြင် စိုက်ပျိုးသူတွေအဆင်ပြေစေရန်ပြပွဲကို (၁၅)ရက် တစ်ကြိမ်ကျင်းပမှာဖြစ်ပြီး တောင်သူဈေးနှင့် အတူ ပွဲရုံ၊ ကုန်သည်၊ ကုန်စည်ဒိုင်တွေ ဈေးကောင်းရရှိစေရန်အခြေခံဈေးနှုန်းတွေ သတ်မှတ် ဝယ်ယူပေးမှာဖြစ်သည်။

ထိုအပြင် တောင်သူတွေအတွက် စိုက်ပျိုးနည်းပညာအပြင် ဒေသမျိုးသန့်မျိုးစေ့တွေ၊ ဆိုလာရေသွင်းစက်တွေ၊ မြေဩဇာတွေနှင့် စိုက်ပျိုးစရိတ် ကြိုတင်ထုတ်ပေးသည့် ဝန်ဆောင်မှုများကိုပါ တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်သလို ပြည်တွင်း၊ ပြည်ပဈေးကွက်တွေနှင့် လည်း အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(ရွှေမန်း)**

**စာအုပ်စာပေလူ့မိတ်ဆွေ**



## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အောင်လံ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်းကို ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာနေရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာမြတ်သူနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းဆရာ၊ ဆရာမများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ စုပေါင်း၍ စာသင်ကျောင်းအတွင်း ချုံ၊ နွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊
River View Garden အိမ်ရာ၊ အိမ်အမှတ် (၁၉/၂၀)နေ

## ဦးဝင်းစိန် အသက်(၈၃)နှစ်

## ရထားပို့ဆောင်ရေးဝန်ကြီး (ငြိမ်း)

သည် (၇-၁၂-၂၀၂၄)ရက် မွန်းလွဲ ၁း၀၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ရပ်ဝေးရပ်နီးရှိ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

**ဦးကျော်ဆန်း+ဒေါ်ခင်သန်းမြင့် မိသားစု**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၅)၊ ဦးပိုင်အမှတ်(၂၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်အမည်ဖြင့် ချထားပေးသော စလစ်မြေကွက်အတွင်းမှ အလယ်ခြမ်းဧရိယာ (၂၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ (၂)ထပ်အဆောက်အအုံ(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးစိုးသီဟနောင်(ဘ)ဦးလှရိန်ဝေ(၁၃/တမည(နိုင်)၀၀၅၂၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်များ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသန္တာထွန်း**(LL.B, LL.M)
**တရားလွှတ်တော်ရှေ့နေ**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉-၉၇၃၂၂၇၆၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငြိမ်းချမ်းသာဖံကျေးရွာအုပ်စု၊ နွယ်နီကျေးရွာ၊ ကွင်းအမှတ်(၄၄၈)၊ လိန်တိန်အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၁၆/၁)၊ ဦးမိုးကျော် ပုံစံ-၇ အမည်ပေါက် မြေကွက်အတွင်းမှ မြေကွက်အမှတ် (C-6)၊ မြေဧရိယာ တောင်-မြောက် ပေ(၂၀)၊ အရှေ့-အနောက် ပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်ချိုချိုမာ(ဘ)ဦးမောင်ဦး(၉/မရတ(နိုင်)၀၁၈၅၀၈)ထံမှ (၆-၁၁-၂၀၂၂)ရက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ကိုကိုမှ အဆုံးအပိုင် ဝယ်ယူထားခဲ့ပြီး ဖြစ်ပါသည်။

၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သွားပါက ကျွန်ုပ်၏မိတ်ဆွေဦးတင်ကိုကိုမှ မိမိ၏မြေကွက်နှင့် ပတ်သက်သော လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| --- | --- |
| ဦးတင်ကိုကို(ဘ)ဦးသောင်းတင် | ဦးကျော်မြင့်(ခ)ဦးဖိုးကျော်(LL.B) |
| (၉/မနမ(နိုင်)၀၁၉၄၈၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၇၁)(၂၇-၉-၂၀၀၄) |
| အကွက်(၂၀)၊ ဥပုသ်တော်ရပ်ကွက်၊ | အမှတ်(၄၃)၊ မေဇ္ဇာကလမ်း၊ မြို့ဟောင်းဈေး၊ |
| အောင်မြေသာစံမြို့နယ်၊ | ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ |
| မန္တလေးမြို့။ | ဖုန်း ၀၉-၂၀၃၂၅၇၆ |
| ဖုန်း ၀၉-၄၀၂၅၅၃၆၀၁ | |

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၁၈၆)၊ ၅၉လမ်း၊ လမ်း၃၀နှင့် ၃၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သိန်း(၉/မမန(နိုင်)၀၂၇၂၈၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၄၇၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးအသိဖြင့် ကာကွယ်ပါ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်နံပါတ်(၆၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအေးမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်း(ဘ)ဦးထွန်း(၉/မရတ(နိုင်)၀၅၂၇၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန်** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်** LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း** LL.B — တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး** LL.B — အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်** LL.B — အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်ချိုအမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေဖြိုးတည်(ဘ)ဦးတည်ကြည်(၅/မရန(နိုင်)၁၄၈၄၅၇)(၎င်း၏ကိုယ်စား ဦးကျော်ဇင်သန့်(ဘ)ဦးရွှေဝင်း)(၁၃/လရန(နိုင်)၁၄၂၇၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန်** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်** LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း** LL.B — တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး** LL.B — အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်** LL.B — အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၈)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်ဖွားညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့် ကပ်လျက်တောင်ဘက်ပိုင်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်စန်း(ဘ)ဦးညိုမြလေး(၉/မရတ(နိုင်)၁၀၀၇၅၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန်** LL.B, LL.M — တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင်** LL.M — တရားလွှတ်တော်ရှေ့နေ
**ဦးကြည်ယံ** LL.B — အထက်တန်းရှေ့နေ
**ဦးစည်သူအောင်** LL.B — အထက်တန်းရှေ့နေ
**ဒေါ်သဲမိုးမိုးထွန်း** LL.B — အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(ဖ/၇)၊ ဦးပိုင်အမှတ်(၁၈၅-ခ)၊ ဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမောင်မောင်ငွေး အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ဦးမောင်မောင်ငွေးနှင့် ဇနီး ဒေါ်အေးတင့်တို့မှာ အသီးသီးကွယ်လွန်သွားပြီး သား၊ သမီးများဖြစ်သော ဒေါ်မျိုးမျိုးအေး၊ ဒေါ်ကေသီပန်၊ ဒေါ်ထက်ထက်ဖြိုး၊ ဦးကျော်ဇင်ခန့်တို့ အမွေဆက်ခံသူများအဖြစ် ကျန်ရှိပါသည်။ အထက်ဖော်ပြပါ မြေကွက်၏ ဂရန်မှာ ပျောက်ဆုံးနေ၍ အမွေဆက်ခံသူများဖြစ်သော သား၊ သမီးများမှ အမွေဆက်ခံခွင့်လျှောက်ထားခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းစသည်ဖြင့် လိုအပ်သည်များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဂရန်မြေကွက်နှင့် ပတ်သက်၍ အထက်ဖော်ပြပါ ကိစ္စရပ်များ ဆောင်ရွက်သွားမည်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဆောင်ရွက်ရန်ရှိသည်များကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ- | လွှဲအပ်ချက်အရ- | |
| --- | --- | --- |
| ဒေါ်ကေသီပန်(ဘ)ဦးမောင်မောင်ငွေး | ဒေါ်ပြုံးပြုံးရီ(LL.B) | ဒေါ်မြမြသက်(LL.B) |
| (၉/ခမစ(နိုင်)၀၃၅၀၉၈) | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

၃၉လမ်း၊ ၆၆လမ်းနှင့် ၆၇လမ်းကြား၊
မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။
ဖုန်း ၀၉-၂၀၁၈၃၄၇၊ ၀၉-၇၄၀၈၆၃၀၉၆

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၂၇-င/ခဲစင်း)၊ ၆၆လမ်း၊ ၁၉လမ်းနှင့် လမ်း၂၀ ကြားရှိ ဒေါ်စုစုဝင်း၊ ဒေါ်နီလာအောင်၊ ဒေါ်သီတာအောင် အမည်ပေါက် ဂရန်မြေကွက်အား ၎င်းတို့(၃)ဦးအနက် ဒေါ်စုစုဝင်း၊ ဒေါ်နီလာအောင်တို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၃၁၄၁/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်သီတာအောင်(၉/မနမ(နိုင်)၁၁၄၆၀၃)က အမှုတွဲအမှတ်(၅၄၇၄/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၉)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ၃၉လမ်းနှင့် လမ်း ၄၀ကြား၊ ၅၄လမ်းနှင့် ၅၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်လွင်လွင်ဦး၏ (SPရရှိသူ ဒေါ်ချယ်ရီ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၇၄/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းဆိုင်ထွမ်း၏(SPရရှိသူ ဦးထွန်းအောင်ကျော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၆၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြိုးသဥ္ဇာကျော်(၉/ခအဇ(နိုင်)၀၅၄၃၄၁)က အမှုတွဲအမှတ် (၅၄၈၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**မီး**

**သတိပြု**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များ၏စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကို သိရှိလေးစားလိုက်နာတတ်ရန်နှင့် ကျင့်ဝတ်သိက္ခာပြည့်ဝပြီး လူမှုတာဝန်များကို ကျေပွန်စွာ ပြုမူနေထိုင်တတ်စေရန်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများ တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆောင်ရွက်လျက်ရှိ

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ တည်ဆဲနိုင်ငံရေးပါတီ ၅၃ ပါတီ ရှိပြီး တည်ထောင်ခွင့် စိစစ်ဆဲပါတီအနေဖြင့် တစ်ပါတီရှိကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်အတွင်း ပါတီဝင်အင်အားပြည့်မီရေးနှင့် ပါတီရုံးခန်းများ သတ်မှတ်ချက်နှင့်အညီ ဖွင့်လှစ်နိုင်ရေးတို့ကို သတ်မှတ်ကာလအတွင်း သတ်မှတ်အရေအတွက် ပြည့်မီရေး ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်တင်ခြင်း၊ ပါတီအလံလွှင့်ထူခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ မှလွဲပြီး အခြားအဆောက်အအုံများတွင် သက်ဆိုင်ရာ ဒေသန္တရအဖွဲ့အစည်းများ၏ စည်းကမ်းများနှင့်အညီ ရုံးခန်းဖွင့်လှစ်ရန်နှင့် ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းမပြုလုပ်မီ သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ အသိပေးရန် ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီတွင်းနှင့် ပါတီပြင်ပ စည်းရုံးရေး ဆောင်ရွက်မှုကို မှတ်ပုံတင်ခွင့်ရရှိပြီးသည့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူလူထုအကျိုး၊ ဒေသအကျိုးများကို တတ်နိုင်သမျှ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များ စောင့်ကြည့် လေ့လာခွင့်နှင့် စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် စောင့်ကြည့်ခွင့်မပြုဘဲ လေ့လာခွင့်သာပြုခဲ့ခြင်းနှင့် ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည့် အချက် ၁၃ ချက်အနက် လေ့လာခွင့်မပြုခဲ့သည့် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များ စောင့်ကြည့်လေ့လာခြင်း၊ မဲလက်မှတ်များ ရိုက်နှိပ်ခြင်းတို့ကို စောင့်ကြည့်လေ့လာခြင်း၊ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း စသည့်အချက်များကို ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတိုင်း ပြန်လည်ထည့်သွင်းပြီး စောင့်ကြည့်လေ့လာခွင့် စံနှုန်းနှင့်အညီ ခွင့်ပြုသွားမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် ဘာသာစကား ငါးမျိုးဖြင့်ဖတ်ရှုနိုင်သည့် Website ကို နိုဝင်ဘာ ၂၂ ရက်တွင် လွှင့်တင်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ Website တွင် Mobile Application ကိုလည်း Download ရယူနိုင်ကြောင်း၊ Soft Copy များကို နိုင်ငံရေးပါတီများသို့လည်း ဖြန့်ဝေထားကြောင်း၊ ရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် သိက္ခာရှိသည့်ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိက္ခာရှိသော လွှတ်တော်ဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များသည် အရည်အချင်းရှိသော ကိုယ်စားလှယ်များဖြစ်ရန် လိုကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ကြိုတင်ရွေးချယ်လေ့ကျင့်ပေးရန် လိုကြောင်းနှင့် ရွေးကောက်ပွဲကော်မရှင်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၃ ပါတီမှဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တိမ် အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဒီဇင်ဘာ ၇

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။
**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဧလ